မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၀)

တပေါစ တော် မင်္ဂလ မုတ္တမံ

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မြန်မာ့အလင်း

သတင်းဆောင်းပါးအညွှန်း

❒ ဩစတြေးလျ ဓနသဟာယနိုင်ငံ သမိုင်းကြောင်း
တိုး၏ သတင်းအက်ဆေး (စာ-၅)

❒ ဘဝဒဿန (စာ-၅)

❒ ဘဝအမောပြေ (စာ-၅)

တစ်မူထူးခြား ဘက်စုံဖွံ့ဖြိုးတိုးတက်စည်ပင်လာသော ဝါးခယ်မမြို့နယ် စံအိပ် စံပြကျေးရွာသို့တစ်ခေါက်

မော်ကျွန်းမြင့်အောင်(ပြန်/ဆက်)၏ သတင်းဆောင်းပါး(စာ-၉)

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်း၍ ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၇

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဇန်နဝါရီ ၅ရက်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀)၌ ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သည့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်း ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုကြပြီး မျက်စိဝေဒနာရှင်များအား အားပေးကြသည်။

ပါဝင်ဆောင်ရွက်

အဆိုပါ မျက်စိအခမဲ့ ကွင်းဆင်းစမ်းသပ်ခွဲစိတ်မှုလုပ်ငန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသိင်္ဂီ၊ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်သော ပါမောက္ခဒေါက်တာကံညွှန့်၊ ပါမောက္ခ ဒေါက်တာညွှန့်အောင်နှင့် အထူးကုဆရာဝန် ဒေါက်တာနီလာသိန်းတို့ ဦးဆောင်၍ ဆရာဝန်၊ သူနာပြု ၂၃ ဦး၊ AICON ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်နှင့် ပြည်နယ်မျက်စိ အထူးကုဆရာဝန် ဒေါက်တာမိုးကျော်၊ ကျောက်ဖြူဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများ ပါဝင်ကြသည်။

ခွဲစိတ်ကုသ

အဆိုပါ မျက်စိအခမဲ့ ကွင်းဆင်းစမ်းသပ်ခွဲစိတ်မှုလုပ်ငန်းကို ရခိုင်ပြည်နယ်အတွင်းရှိ မြေပုံ၊ အမ်း၊ ကျောက်ဖြူ၊ မာန်အောင်မြို့နယ်များမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ် ကုသပေးမည်ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အခြားလူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုထွန်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြပြီး ယင်းကုသမှုလုပ်ငန်းအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေကျပ် ၁၀သိန်းနှင့် ခွဲစိတ်ကုသမှုအတွက် လိုအပ်သောဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်များကို Golden Wax Co.,Ltd. က လှူဒါန်းပေးကာ ဇန်နဝါရီ ၅ရက်တွင် မျက်စိဝေဒနာရှင် ပြင်ပလူနာ ၁၁၆၁ဦးနှင့် အတွင်းတိမ်လူနာ ၁၄၁ဦးတို့အား အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးခဲ့ပြီး ဇန်နဝါရီ ၉ရက်အထိ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အောင်မြင်ဖြစ်ထွန်းနေသော ဆီမုန်လာ စိုက်ခင်းကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

မြေပဲဆီကဲ့သို့ စားသုံးနိုင်သည့် ဆီမုန်လာနှင့် ဆီမုန်ညင်းများ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အောင်မြင်ဖြစ်ထွန်းနေ

သတင်းမြင်ကွင်း - မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း - ညီညီထွန်း (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၇

ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာမှုနှင့်အတူ ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်ကလည်း ဤကမ္ဘာမြေဝယ် တစ်နေ့တခြား ပိုမိုမြင့်တက်လာပေသည်။ ပြီးခဲ့သည့် နှစ်များအတွင်းက ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာအခက်အခဲ ပိုမိုမြင့်တက်လာကာ ဈေးနှုန်းကြီးမြင့်မှုများနှင့်ပါ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

အဓိကလိုအပ်ချက်

လူသားတစ်ဦး၏ ဘဝရပ်တည်ရေးအတွက် စားဝတ်နေရေးသည် များစွာအရေးပါလှသည်။ စား၊ ဝတ်၊ နေရေး သုံးရပ်အနက် စားရေးသည် နံနက်မိုးသောက် အလင်းရောက်သည်မှအစပြု၍ နိစ္စဓူဝ အဓိက လိုအပ်ချက်တစ်ရပ် ဖြစ်ပေသည်။

ရေမြေသယံဇာတအရင်းအမြစ် ကြွယ်ဝပြီး မြေကြီးမှရွှေသီးသော မိမိတို့နိုင်ငံ၌မူ စားဝတ်နေရေးအတွက် မည်သည့်ကာလကမျှ အခက်အခဲမရှိခဲ့ချေ။

စားရေးအတွက် ဆန်စပါးအပါအဝင် မြေပေါ်မြေအောက် ကောက်ပဲသီးနှံများ၊ ဝတ်ရေးအတွက် ငွေချည်(၆) ချည်မျှင်ရှည်ဝါအပါအဝင် ဝါသီးနှံများ၊ ချည်မျှင်နှင့် အထည်စက်ရုံကြီးများ၊ နေရေးအတွက် သစ်ဝါးများအပါအဝင် အုတ်စက်ရုံကြီးများ၊ ဘိလပ်မြေစက်ရုံကြီးများ ရှိနေပေသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၈ ရက်)

ခိုင်ကျည်မြဲမြံသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိရန် ဦးတည် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များနှင့်အညီ လက်တွဲကြိုးပမ်း

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၆ရက်ကကျင်းပရာ ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များဖြစ်သည့်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊
- တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊
- နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

ဟူသည့် အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပေသည်။

ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်ရယူနိုင်ခဲ့သည့် အစဉ်အလာကောင်းကို ဖော်ညွှန်းပြီး ပြည်ထောင်စု၏ မည်သည့်နေရာ၊ မည်သည့်ဒေသ၌ နေထိုင်ကြသည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူကြရန် နှစ်စဉ်ကျင်းပနေခြင်း ဖြစ်ပေသည်။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိ အမျိုးသားရေးအဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်အောင်မြင်မြင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူအပေါင်းက တက်ညီလက်ညီ လက်တွဲကြိုးပမ်း သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထက(၁)သာယာဝတီ ဆရာပူဇော်ကန်တော့ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

အထက(၁) သာယာဝတီတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ဒသမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် နိုးဆော်ထားသည်။

ဆက်သွယ်လျှာဒါန်းနိုင်

ပူဇော်ကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဦးမြစိုး (ခရိုင်စာရင်းစစ်အရာရှိ-ငြိမ်း) ဖုန်း-၀၅၅-၂၀၇၉၆၊ ဦးစံသိန်း(ကျောင်းအုပ်ကြီး) အထက(၁) သာယာဝတီ ဖုန်း-၀၅၅-၂၀၁၄၂၊ ဦးကိုဝင်း(ကျောင်းအုပ်ကြီး) အလက(၁) ထန်းပင်ကုန်း သာယာဝတီ ဖုန်း-၀၅၅-၂၀၇၁၈၊ ဒေါ်ခင်ဝင်း (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) သာယာဝတီ ဖုန်း-၀၅၅-၂၀၂၉၈၊ ဦးသက်မော်ဦး (ရန်ကုန်) ဖုန်း-၀၉-၅၁-၂၂၈၃၈၊ ဒေါ်ဝင်းမာညွန့်(ရန်ကုန်) ဖုန်း-၀၁-၅၂၂၀၇၄၊ ဦးထွန်းအေး(ရန်ကုန်) ဖုန်း-၀၁-၂၁၂၁၇၄နှင့် ဦးထွန်းမြတ်(သာယာဝတီအသင်းအတွင်းရေးမှူး၊ ရန်ကုန်) ဖုန်း-၀၉-၅၀-၃၅၄၀၄တို့သို့ အသီးသီး ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၁)
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၀)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၇)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ဝိုင်းမော်မြို့ အမှတ်(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၂၂၁ဒသမ ၅ သိန်း အကုန်အကျခံ ဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၇

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝိုင်းမော်မြို့ မြို့ပတ်လမ်းပိုင်းဖြစ်သော အမှတ်(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက် နံနက် ၈နာရီက ဝိုင်းမော်မြို့ အမှတ်(၂)လမ်းပိုင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားတွင် ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးမင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကတ္တရာလမ်းသစ်ကို တိုင်းမှူးနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများက လှည့်လည်ကြည့်ရှုကြသည်။

ဆောင်ရွက်

အဆိုပါလမ်းသစ်မှာ အရှည်ပေ ၂၉၁၀၊ အကျယ် ၁၂ပေရှိပြီး ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၂ဒသမ၃သိန်း၊ ကတ္တရာတန်ဖိုး ငွေကျပ် ၈၉ဒသမ၂သိန်း စုစုပေါင်း ငွေကျပ် ၂၂၁ဒသမ၅သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၀၃)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား မိုးမောက်၌ ကျင်းပ

မိုးမောက် ဇန်နဝါရီ ၇

ကချင်ပြည်နယ် မိုးမောက်မြို့ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ မိနစ်၂၀က မိုးမောက်မြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇ နာရီက မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမင်းစိုးက ဖတ်ကြားသည်။

ဆုချီးမြှင့်

ထို့နောက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (မြို့နယ် ပြန်/ဆက်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြလမ်းဖြစ်သော အနော်ရထာလမ်း ကျောက်ချောခင်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဒီဇင်ဘာ ၁၄ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။(မြို့နယ်စည်ပင်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနား
မွန်ပြည်နယ် မော်လမြိုင်မြို့ မောရဝတီပန်းခြံတွင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်တွင် မော်လမြိုင်မြို့ရှိ မောရဝတီပန်းခြံ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

ရှေးဦးစွာ နံနက် ၄နာရီ မိနစ်၂၀ တွင် နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပပြီး နံနက် ၇နာရီတွင် နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၉ခုနှစ် (၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(အပေါ်ပုံ)

ဆက်လက်၍ မွန်ပြည်နယ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ဆုနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးက လူမှုထူးချွန် (ပထမဆင့်)ရရှိသူများအား လည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက လူမှုထူးချွန် (တတိယဆင့်) ရရှိသူများအား လည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က ဘက်စုံပညာထူးချွန်ဆု ရရှိသူများအားလည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးဌေးအောင်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တက္ကသိုလ်၊ အထက်တန်းနှင့် အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တာဝန်ရှိသူများက (၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲနှင့် အားကစားစွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးလှဌေး	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန
(ခ) ဒေါက်တာအောင်ခင်	ပါမောက္ခချုပ် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်မင်းအား ယင်းဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော
မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

လားရှိုး ဇန်နဝါရီ ၇

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့် ဦးဆောင်၍ ဦးစောတီနေထူး (လက်ထောက်အင်ဂျင်နီယာ)၊ ဦးစံယွန်း(စက်မှုကျွမ်းကျင်-၂)၊ ဦးမျိုးကိုကိုမောင် (စက်မှုကျွမ်းကျင်-၃)၊ ဦးဝင်းနိုင်(ဒုတိယဦးစီးမှူး)၊ ဦးမြင့်ဦး(စာရင်းကိုင်-၂)၊ ဦးထွန်းထွန်းနိုင် (အငယ်တန်းစာရေး)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးကျော်လှ (လက်ထောက်ညွှန်ကြားရေးမှူး)၊ ဦးစိုင်းနော်ခမ်း(ဒုတိယဦးစီးမှူး)၊ ဦးမျိုးမင်းဆွေ(အကြီးတန်းစာရေး)၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်သန်းကြွယ်၊ တပ်ကြပ်ကြီးလှသိန်း၊ ဒုတပ်ကြပ်သိန်းထွန်းကျော်၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ဦးခင်မောင်ဆွေ၊ ဦးထွန်းဝင်းတို့နှင့်အတူ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက လားရှိုးမြို့ မန်ဆူအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ လားရှိုးမှ ရန်ကုန်သို့ ခရီးသည်တင်ပြေးဆွဲမည့် မန်းရွှေပြည်၊ မြတ်မန္တလာထွန်း၊ တက်လမ်း မော်တော်ယာဉ်အသင်းများအား ယာဉ်ကြွံခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့်စပ်လျဉ်း၍ ပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သာယာဝတီမြို့နယ်အသင်း
နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

၁၉၆၂ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော သာယာဝတီမြို့နယ်အသင်း၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ဗားကရာလမ်း ကျွန်တောကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ၂၀၀၈ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၊ အသင်းဝင်များ၏သားသမီးများ၊ အသင်းဝင် သက်တမ်း တစ်နှစ်ရှိပြီး ၂၀၀၉ခုနှစ်၌ အသက်(၇၅)နှစ် ပြည့်သည့် သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်များ၊ ၂၀၀၉ခုနှစ် နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူးဆောင်တံဆိပ်အပ်နှင်းခံရသူ မြို့နယ်သား ပုဂ္ဂိုလ်များ၊ အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူ အလှူရှင်များနှင့် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်လိုသူ အသင်းဝင်များသည် ဒုတိယဥက္ကဋ္ဌ ဦးသက်မော်ဦး ဖုန်း-၀၉-၅၁-၂၂၈၃၈၊ အတွင်းရေးမှူး ဦးထွန်းမြတ် ဖုန်း-၀၉-၅၀-၃၅၄၀၄ နှင့် တွဲဖက်အတွင်းရေးမှူး ဦးဖြိုးမင်းအေး ဖုန်း-၅၅၂၂၀၃ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၂) ဗဟန်း
အာစရိယပူဇော်ပွဲ
ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

အထက(၂) ဗဟန်း (ယခင်နန်ယန်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ရက် နံနက် ၁၀နာရီတွင် အထက(၂) ဗဟန်း ကျောင်းဘုရားဆောင်အတွင်း ကျင်းပမည်ဖြစ်ရာ ၁၉၆၈ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဖြစ်မြောက်ရေး ကော်မတီ ဖုန်း-၀၉-၈၆-၂၅၀၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာအလင်းရောင် စာကြည့်တိုက် ရွှေတောင်မြို့နယ်တွင် ဖွင့်

ရွှေတောင် ဇန်နဝါရီ ၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် သရက်သုံးပင်အုပ်စု လက်ပံပုကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် အုပ်စု စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ခရိုင် ဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများအကြောင်း၊ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌက ဖွံ့ဖြိုးရှင်သန်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် စာကြည့်တိုက် ငွေပဒေသာပင်အတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနန်းတင့်တို့က အလှူငွေ ကျပ်တစ်သောင်းစီ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ အုပ်၁၅၀ကို မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်တို့က ပေးအပ်ရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။ ဆက်လက်၍ အဆောက်အအုံအတွက် လှူဒါန်းကြသော အလှူရှင်များအား တာဝန်ရှိသူအသီးသီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကုန်ကျ

အဆိုပါစာကြည့်တိုက်မှာ အလျား ၁၅ပေ၊ အနံ ၁၂ပေ၊ သွပ်မိုး၊ အုတ်ကပ်၊ ပျဉ်ခင်းအမျိုးအစားဖြစ်ပြီး တန်ဖိုးငွေ ကျပ်ရှစ်သိန်းအကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်သာယာ ထွေ/အုပ် ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆန်တစ်နှစ်စာ ထောက်ပံ့ပေးအပ်ပွဲနှင့် နှစ်သစ်ကူးလက်ဆောင် ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် ညနေ ၅နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင် တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တစ်နှစ်စာ ဆန် ၁၁၄အိတ်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၀၉၇)

မြန်မာ့ရုပ်မြင်သံကြား

၈-၁-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အဆိုပြိုင်ပွဲ
၇:၅၀	၅။	အကပဒေသာ
၈:၀၅	၆။	ကွန်ချောင်းရေလှောင်တမံ
၈:၁၅	၇။	တေးဂီတအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	**ဇင်ဇင်နှင့် ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်၊ (ဒါရိုက်တာ- စင်ရော်မောင်မောင်)

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀	၃။	အတီးပြိုင်ပွဲ
၄:၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၄:၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄:၅၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၅:၁၀	၇။	တေးဂီတအစီအစဉ်
၅:၂၅	၈။	ဆောင်းပဒေသာ တီးကွက်ဆန်းများ
၅:၄၀	၉။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၆:၅၅	၁၃။	တေးဂီတအစီအစဉ်
၇:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၄၁)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆၁)

ဟားမတ်စ်တို့ပစ်ခတ်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံး တိုက်ပွဲစတင်သည့်ရက်မှစ၍ တပ်ဖွဲ့ဝင် ၂၁ ဦးသေဆုံး၊ ၇၉ ဦးဒဏ်ရာရရှိ

ဂါဇာ ဇန်နဝါရီ ၇

ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ အစ္စရေးတို့က တင့်ကားများအသုံးပြု ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဟားမတ်စ်တို့ကလည်း ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင် ၁၀ဦးသေဆုံးခဲ့ကြောင်း အယ်အက်ဆာရုပ်မြင်သံကြားသတင်းဌာနက ဇန်နဝါရီ ၆ရက်တွင် ပြောကြားသည်။

ပစ်ခတ်

ထို့အပြင် အစ္စရေးတို့၏ တင့်ကား ခုနစ်စီးလည်း ဟားမတ်စ်တို့၏ ဒုံးကျည်များထိမှန်ခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၇ရက်မှ စတင်ကာ အစ္စရေးတို့က ပါလက်စတိုင်းတို့အား လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ပူးပေါင်းတိုက်ခိုက်

အစ္စရေးရေတပ်ကလည်း ဂါဇာကမ်းမြောင်ဒေသသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေး ကြည်း၊ ရေ၊ လေတပ်များက ပူးပေါင်းတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

အစ္စရေးတို့ ဂါဇာကမ်းမြောင်ဒေသအတွင်း စတင်ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အချိန်မှ ဇန်နဝါရီ ၆ရက်အထိ အစ္စရေးတပ်ဖွဲ့ဝင် ၂၁ဦးသေဆုံးခဲ့ပြီး ၇၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဘူဒီရှီရ်အရပ်တွင် ဇန်နဝါရီ ၅ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကားအပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆောင်းရာသီတွင် ကိုလံဘီယာ၌ မိုးသည်းထန်စွာရွာသွန်းမှု စုစုပေါင်း ၇၆ ဦးသေဆုံး ၁၀၈ ဦး ဒဏ်ရာရရှိ

ဘိုဂိုတာ ဇန်နဝါရီ ၇

ကိုလံဘီယာနိုင်ငံတွင် ၂၀၀၈ခုနှစ် စက်တင်ဘာလလယ်မှ စတင်ကာ ဒီဇင်ဘာလ အကုန်အထိ ဆောင်းရာသီကာလ အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမှုကြောင့် စုစုပေါင်း ၇၆ ဦးသေဆုံးခဲ့ကြောင်း ကိုလံဘီယာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် သတိပြုကာကွယ်ရေးဌာန (ဒီပီအေဒီ)က ဇန်နဝါရီ ၅ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၅ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း တောင်ပြိုကျမှု ၁၁ ကြိမ်၊ မြေပြိုမှု ၁၀၉ ကြိမ်၊ ရေတိုက်စားမှုတစ်ကြိမ်၊ ရေလွှမ်းမှု ၄၆၉ ကြိမ်၊ မိုးကြိုးမုန်တိုင်းတစ်ကြိမ်နှင့် မုန်တိုင်း ၄၄ ကြိမ်စသည့် သဘာဝဘေးဒဏ်များကြောင့် အရေးပေါ်ကယ်ဆယ်ရေး ၆၃၅ ကြိမ် ဆောင်ရွက်ခဲ့ရကြောင်း ဒီပီအေဒီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းသဘာဝဘေးဒဏ်များကြောင့် ၇၆ ဦးသေဆုံးပြီး ၁၀၈ ဦး ဒဏ်ရာရကာ ၁၈ ဦးပျောက်ဆုံးခဲ့ကြောင်း၊ ယင်းဒဏ်ကို အိမ်ထောင်စုပေါင်း ၂၅၂၄၃၆ စုက ခံစားခဲ့ရပြီး အိမ်ပေါင်း ၂၃၅၅ လုံး လုံးဝပျက်စီးကာ ၉၄၅၇၁ လုံးမှာ ယင်းဘေးဒဏ်ကို ခံစားခဲ့ရကြောင်း သိရသည်။ ကိုလံဘီယာနိုင်ငံတွင် ဆောင်းရာသီမိုးရွာသွန်းမှုဘေးဒဏ်ကို ပြည်နယ် ၃၂ခုရှိ မြို့ပေါင်း ၄၆၈ မြို့က ခံစားခဲ့ရကြောင်း နိုင်ငံ၏ပြည်ထဲရေးနှင့် တရားရေးဝန်ကြီးဌာနနှင့် တွဲဖက်ထားသော ဒီပီအေဒီဌာနက ထပ်လောင်းပြောကြားခဲ့သည်။ ကိုလံဘီယာတွင် ကြုံတွေ့ခဲ့ရသော ဘေးဒုက္ခများကို တုံ့ပြန်သောအားဖြင့် အမေရိကန်နိုင်ငံက ယင်းနိုင်ငံအား အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၇ သန်း ကူညီထောက်ပံ့မည်ဖြစ်ကြောင်း ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၇ရက်က ကြေညာခဲ့သည်။ **(အင်တာနက်)**

စီအိုင်အေ အကြီးအကဲအဖြစ် ခန့်အပ်ရန် လီယွန်ပန်နက်တာအား ရွေးချယ်

ဝါရှင်တန် ဇန်နဝါရီ ၇

အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရသူ ဘားရက်အိုဘားမားက စီအိုင်အေ ညွှန်ကြားရေးမှူးအဖြစ် သမ္မတကလင်တန် လက်ထက်က အိမ်ဖြူတော်ဝန်ထမ်းအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ လီယွန်ပန်နက်တာအား ရွေးချယ်လိုက်ကြောင်း ဒီမိုကရက်တစ်ပါတီမှ တာဝန်ရှိသူများက ဇန်နဝါရီ ၅ရက်တွင် ပြောကြားသည်။

တာဝန်လွှဲယူ

ဇန်နဝါရီ ၂၀ရက်တွင် သမ္မတဘုရှ်ထံမှ အိုဘားမားရာထူးလွှဲပြောင်း တာဝန်ယူပြီးနောက် လီယွန်ပန်နက်တာသည် လက်ရှိစီအိုင်အေအကြီးအကဲ မိုက်ကယ်ဟေဒင်ထံမှ စီအိုင်အေညွှန်ကြားရေးမှူးအဖြစ် တာဝန်လွှဲယူရမည်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဟားမတ်စ်တို့ကို အစ္စရေးတို့ တုံ့ပြန်တိုက်ခိုက် ပါလက်စတိုင်း ၄၃ ဦးသေဆုံး၊ လူ ၁၀၀ ဒဏ်ရာရရှိ

ဂါဇာ ဇန်နဝါရီ ၇

ဂါဇာကမ်းမြောင်ဒေသရှိ ကုလသမဂ္ဂ၏ ကူညီထောက်ပံ့မှုဖြင့် ရပ်တည်နေရသော စာသင်ကျောင်းနှစ်ကျောင်းကို ဇန်နဝါရီ ၆ ရက်က အစ္စရေးတို့ အမြောက်များဖြင့် တုံ့ပြန်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၄၃ဦး သေဆုံးပြီး လူ ၁၀၀ဒဏ်ရာရရှိသွားကြောင်း ကုလသမဂ္ဂ အရာရှိများက သတင်းထုတ်ပြန်သည်။

ထုတ်ဖော်

အစ္စရေးတို့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဂျာဘာလီယာအရပ်ရှိ ဒုက္ခသည်စခန်းဖွင့်လှစ်ထားသည့် အယ်လ်ဖာခူရာ စာသင်ကျောင်းကို ထိမှန်ခဲ့ပြီး သေဆုံးသူများထဲတွင် ကလေးအများအပြား ပါဝင်ခဲ့ကြောင်း ယင်းဒေသ အနီးအနားရှိ ဆေးရုံမှဆရာဝန်များက ထုတ်ဖော်ပြောကြားသည်။

တိုက်ခိုက်

အစ္စရေးတပ်ဖွဲ့ဝင်တို့ကမူ ယင်းကျောင်းဝင်းအတွင်းရှိ ဟားမတ်စ် စစ်သွေးကြွများအား ပစ်ခတ်တိုက်ခိုက်ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတိပေး

စောစောပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသ၌ လူသားချင်းစာနာမှုဆိုင်ရာ အခက်အခဲ အကျပ်အတည်းရှိကြောင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့(အိုင်စီအာရ်စီ)က သတိပေး ပြောကြားခဲ့သည်။

ဆိုက်ရောက်

အစ္စရေးတို့၏ ၁၁ရက်မြောက် တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီးနောက် ဂါဇာကမ်းမြောင် ဒေသ၏ လူနေမှုဘဝမှာ သည်းမခံနိုင်လောက်အောင် ဆိုးရွားသည့်အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း အိုင်စီအာရ်စီထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ ပယ်ရီကရေဟင်ဘူလ်က ဆိုသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း မူစထရန် ဆီရီယက်ချ်ရင်ပြင်အနီးတွင် ဇန်နဝါရီ ၅ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ဒဏ်ရာရသူ တစ်ဦး ဆေးရုံမှ ဆင်းလာသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မစ္စတာဂျိုးဘိုင်ဒင် အရှေ့တောင်အာရှသို့ ခရီးထွက်မည်

ဝါရှင်တန် ဇန်နဝါရီ ၇

အမေရိကန် ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံရသူ ဂျိုးဘိုင်ဒင်သည် အမေရိကန် ကွန်ဂရက်အချက်အလက် ရှာဖွေရေးခရီးစဉ်အဖြစ် ယခုရက်သတ္တပတ်နှောင်းပိုင်း တွင် အရှေ့တောင်အာရှသို့ သွားရောက်မည်ဟု ၎င်း၏ရုံးက ဇန်နဝါရီ ၅ ရက်က ကြေညာသည်။

နုတ်ထွက်

ဒီလ်ဝဲယားပြည်နယ် ဒီမိုကရက်တစ် အထက်လွှတ်တော်အဖြစ်မှ နုတ်ထွက်ခြင်း မပြုသေးသည့် မစ္စတာဘိုင်ဒင်မှာ အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ယခုခရီးကို သွားရောက်မည်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ရိုမေးနီးယားနိုင်ငံသို့ သဘာဝဓာတ်ငွေ့ပေးပို့မှု ရုရှားက ၇၅ ရာခိုင်နှုန်း လျှော့ချမည်ဟုဆို

ဘူခါရက် ဇန်နဝါရီ ၇

ရုရှားနိုင်ငံအနေဖြင့် ရိုမေးနီးယားနိုင်ငံသို့ တင်ပို့ပေးနေသော ဓာတ်ငွေ့များကို ၇၅ ရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ ဓာတ်ငွေ့ဈေးနှုန်း အခြေအနေကြောင့်ဖြစ်ကြောင်း ရိုမေးနီးယား အရာရှိများက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

ဖြတ်တောက်

ရုရှားနိုင်ငံက ဓာတ်ငွေ့တင်ပို့မှု ၇၅ ရာခိုင်နှုန်း ဖြတ်တောက်မည်ဖြစ်သော်လည်း ဆောင်းရာသီကာလ၌ အခက်အခဲပြဿနာ တစ်စုံတစ်ရာရှိမည်မဟုတ်ကြောင်း ရိုမေးနီးယားနိုင်ငံ ဓာတ်ငွေ့တင်သွင်းမှုလုပ်ငန်း ညွှန်ကြားရေးမှူး ထရန်ဂတ်ဇ်က ပြောကြားသည်။

တင်ပို့မှုလျှော့ချ

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံသို့ ဓာတ်ငွေ့တင်ပို့မှု လျှော့ချခဲ့ပြီးနောက် ရိုမေးနီးယားနိုင်ငံသို့လည်း နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗမီတာသုံးသန်းခန့်လျှော့ချခဲ့သည်။

ပေးပို့နိုင်

အခြားဓာတ်ငွေ့ ဖြန့်ဖြူးရေးစက်ရုံတစ်ရုံဖြစ်သည့် မီဒီဆုအူရစ်စက်ရုံ**(ဝဲပုံ)**သည် စာချုပ်ချုပ်ဆိုထားသည့် ဓာတ်ငွေ့ပမာဏ၏ ၂၅ ရာခိုင်နှုန်းကိုသာ ပေးပို့နိုင်ပြီး သာမန်စက်ရုံတစ်ရုံသာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဓာတ်ငွေ့သုံးစွဲ

ရိုမေးနီးယားနိုင်ငံမှ ဓာတ်ငွေ့သုံးစွဲသူများအနေဖြင့် ဓာတ်ငွေ့ကိုစနစ်တကျ သုံးစွဲကြရန် ရိုမေးနီးယားစီးပွားရေးလုပ်ငန်း ဝန်ကြီးက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာ့အရှည်ဆုံး အရုပ်ရထား

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ အသက်ရှစ်နှစ်အရွယ် အီသန်ဘာယန်အမည်ရှိ ကလေးငယ်တစ်ဦးက ကစားစရာအရုပ် ရထားတွဲလေးပေါင်း ၁၀၅၃၀ကို ဆက်ပြီး အရှည် ၁ဒသမ၈ ကီလိုမီတာရှိသော ရထားတစ်စင်းကို ချိတ်ဆက်ပြသခဲ့ရာ ကမ္ဘာ့ပေါ်တွင် အရှည်ဆုံး ကစားစရာရထားတစ်စင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(ယာပုံ)** **(အင်တာနက်ဓာတ်ပုံ)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဆိုင်ကယ်ဖြင့် အမြင့်ဆုံး ကျော်ဖြတ်စီးနင်းနိုင်သူ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဂျိုချာဖော်စထရာချာအမည်ရှိ အမျိုးသားတစ်ဦးက မော်တော်ဆိုင်ကယ်စီးပြီး အမြင့် ၁၇ဒသမ ၀၆ပေကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ရာ ကမ္ဘာပေါ်၌ မော်တော်ဆိုင်ကယ်စီးနင်းပြီး အမြင့်ဆုံးခုန်ကျော်စီးနင်း ဖြတ်ကျော်နိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ) (အင်တာနက်ဓာတ်ပုံ)

ဘ၀ဒဿန

● ***He felt that his whole life was some kind of dream and he sometimes wondered whose it was and whether they were enjoying it.***

❒ *ဘ၀တစ်ခုလုံးသည် အိပ်မက်သဖွယ်ဖြစ်သည်ဟု ခံစားရပြီး တစ်ခါတစ်ရံ ဘ၀ဟူသောအိပ်မက်သည် မည်ကဲ့သို့သောအရာဖြစ်သည်နှင့် ယင်းအိပ်မက်ကို လက်တွေ့ရရှိခံစားရပါလေစဟု တွေးတောဆင်ခြင်မိသည်အထိပင် ဖြစ်သည်။*

ဒေါက်ဂလပ်စ်အဒမ်စ်(အင်္ဂလိပ်ဟာသရေးဆရာနှင့် သိပ္ပံ၀တ္ထုရေးဆရာ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာ၀င်းနှင့် အေးသန္တာသိန်း

အင်တာနက် ကျန်းမာရေး

အဆီများသော ငါးများကို စားသုံးခြင်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်နိုင်ဟုဆို

အဆီများသောငါးကို စားသုံးခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးရောဂါများဖြစ်ပွားမှု လျော့ကျစေပြီး ခန္ဓာကိုယ်အတွင်း ကိုယ်လက်စထရောများပြားမှုကို ကျဆင်းစေကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

အထောက်အကူပြု

အချို့သောငါးများတွင် အဆီဓာတ်ကြွယ်၀စွာပါ၀င်လျက်ရှိရာ လူတို့၏ ကျန်းမာရေးကို အထောက်အကူပြုစေသည့် အိုမီဂါ-၃ ဖက်တီးအက်စစ်များ တွေ့ရှိရသည်။ ငါးတွင်ပါ၀င်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် အမျိုးသမီးများနှင့် ကလေးငယ်များ၏ ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း ၎င်းတို့က ပြောကြားသည်။

အဆီဓာတ်ပေါများသောငါးများမှာ ဆော်လမွန်၊ တူနာနှင့် ဆာဒင်းစ်ငါးမျိုးများဖြစ်ပြီး သီတင်းတစ်ပတ်လျှင် အနည်းဆုံး လေးကြိမ်စားသုံးပေးသင့်ကြောင်း သိရသည်။

ငါးဆီကို အမျိုးသမီးနှင့်ကလေးငယ်များ အထူးဦးစားပေးစားသုံးသင့်ကြောင်း၊ ငါးဆီသည် သွေးသန့်စင်မှု၊ သွေးကလာပ်စည်းများ ပျက်စီးမှုကို ကာကွယ်ပေးနိုင်ကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဘ၀အမောပြေ

ချမ်းသာလိုက်ပုံက....

အလွန်ချမ်းသာလိုသော လူငယ်တစ်ဦးက ခမ်းနားထည်၀ါသော တိုက်အိမ်ကြီးနှင့်နေထိုင်ပြီး နောက်ဆုံးပေါ်ကားကြီးစီးကာ ကုမ္ပဏီလုပ်ငန်းများ လုပ်ကိုင်နေသည့် သူဌေးကြီးတစ်ဦးအား မေးမြန်းခဲ့သည်။

လူငယ် ။ ။ ကျွန်တော် ပိုက်ဆံချမ်းသာချင်ပါတယ်။

သူဌေး ။ ။ ကြိုးစားရမှာပေါ့။

လူငယ် ။ ။ ဘယ်လိုများကြိုးစားရမလဲခင်ဗျာ။

သူဌေး ။ ။ အောက်ခြေကစပြီး ကြိုးစားရလိမ့်မယ်။

လူငယ် ။ ။ သူဌေးကြီးရဲ့ နည်းလမ်းလေးပြောပြပေးပါဦး။

သူဌေး ။ ။ ငါ ငယ်ငယ်ကဆင်းရဲတယ်...အိမ်ထောင်ကျတော့ ပန်းသီးရောင်းတယ်။ ပိုက်ဆံမရှိတော့ ပထမနေ့မှာ တစ်လုံးပဲ၀ယ်ပြီး ရောင်းနိုင်တယ်။ အမြတ်ငွေရတော့ နောက်နေ့ ပန်းသီးနှစ်လုံး၀ယ်ပြီးရောင်းတယ်... အဲဒီနေ့အမြတ်ငွေနဲ့ နောက်နေ့ ပန်းသီးသုံးလုံးရောင်းတယ်...ဒီလိုနဲ့ တစ်လကြာတော့ အမြတ်ငွေနှစ်ဒေါ်လာ ရလာတယ်။

လူငယ် ။ ။ အဲဒီလောက်ငွေကြေးအမြတ်လေးနဲ့ နှစ်ဘယ်လောက်ကြာအောင် ကြိုးစားပြီး အခုလို ချမ်းသာတဲ့ဘ၀ ရောက်ခဲ့တာလဲ၊ သိပါရစေဦး။

သူဌေး ။ ။ ပန်းသီးတစ်နှစ်လောက်ရောင်းပြီးတဲ့အချိန်မှာ ကျန်းမာရေး၊ စား၀တ်နေရေးတွေကြောင့် ဒေါ်လာ ၂၀ပဲ လက်ထဲမှာကျန်တယ်၊ အဲဒီအချိန်မှာ ယောက္ခမကြီးသေတော့ အမွေ ဒေါ်လာသန်း ၂၀၀ ရပြီး အခုလိုချမ်းသာလာတာပေါ့ကွာ။

လူငယ် ။ ။ 'ဗျာ'

ဩစတြေးလျ ဓနသဟာယနိုင်ငံ သမိုင်းကြောင်း

သတင်းအက်ဆေး

ဩစတြေးလျ ဓနသဟာယနိုင်ငံသည် အာရှတိုက်အရှေ့တောင်ဒေသ အနောက်တောင်ဘက် ပစိဖိတ်သမုဒ္ဒရာတွင်တည်ရှိသည်။ ခေတ်သစ် ဩစတြေးလျ ဓနသဟာယနိုင်ငံကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ကျော်က ဥရောပတိုက်သားများ အလုံးအရင်းနှင့်ရောက်ရှိလာပြီး ထူထောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ရှေးနှစ်ပေါင်းသောင်းချီသည့် ကာလကပင် အရှေ့တောင်အာရှမှ ရွှေ့ပြောင်းအခြေချသည့် အဘိုရီးဂျင်လူမျိုးများ ရောက်ရှိနေထိုင်ခဲ့သည်။ ဥရောပတိုက်သားများ အလုံးအရင်းနှင့်မရောက်မီက ထိုတိုင်းရင်းသားလူမျိုးဦးရေ သိန်းချီ၍ ရှိခဲ့သော်လည်း တဖြည်းဖြည်းလျော့နည်းကာ ၆၀၀၀၀ ခန့်သာကျန်တော့သည်။

နိုင်ငံတော်အကြီးအကဲ

ဩစတြေးလျ နေသဟာယနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲမှာ ဗြိတိန်နိုင်ငံဘုရင်မကြီး အယ်လီဇဘက်ဖြစ်သည်။ ယင်း၏ကိုယ်စား မိုက်ကယ်ဂျက်ဖရီးအား ဘုရင်ခံချုပ်အဖြစ် ခန့်ထားသည်။ ၀န်ကြီးချုပ်မှာ ကယ်ဗင်ရတ်ဖြစ်သည်။

ပြန့်ကြဲနေထိုင်

၎င်းနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ခရစ်မပေါ်မီ နှစ် ၄၀၀၀၀ ကပင် အရှေ့တောင်အာရှမှ အဘိုရီးဂျင်လူမျိုးများ စတင်ရောက်ရှိခဲ့သည်။ ဘီစီ ၂၀၀၀၀တွင် သူတို့သည် ဩစတြေးလျတိုက်အနှံ့သို့ ပြန့်ကြဲနေထိုင်သည်။

၁၇၈၈ခုနှစ်တွင် ဗြိတိန်ရေတပ် ဗိုလ်မှူးကြီးအာသာဖိလစ်သည် အကျဉ်းသား၈၀၀ နီးပါးကို သင်္ဘော၁၁စင်းဖြင့်တင်ဆောင်ကာ ဆိုက်ရောက်လာပြီး ဆစ်ဒနီတွင် နေရာချထားလိုက်သည်။ ၁၈၅၀ပြည့်လွန်နှစ်များတွင် သုံးလေးနေရာ၌ ရွှေတွေ့ရှိသဖြင့် (၁၀)နှစ်အတွင်း လူဦးရေသုံးဆတိုးကာ လူဦးရေသန်းနှင့်ချီ၍ ရှိလာသည်။ ၁၈၅၆ခုနှစ်တွင် ၎င်းနိုင်ငံသည် ရွေးကောက်ပွဲစနစ် စတင်ကျင့်သုံးသည်။ ၁၉၀၁ခုနှစ်တွင် နိုင်ငံအတွင်း စည်းလုံးညီညွတ်ကြပြီး ထိုနှစ် ဇန်န၀ါရီ ၁ရက်တွင် ဩစတြေးလျနေသဟာယနိုင်ငံ ဖြစ်လာသည်။ ၁၉၁၁ခုနှစ်တွင် ကင်ဘာရာကို မြို့တော်အဖြစ် သတ်မှတ်လိုက်သည်။

ကမ္ဘာ့စီးပွားရေးပျက်ကပ်

၁၉၁၄ခုနှစ် ပထမကမ္ဘာစစ်ဖြစ်သောအခါ ၎င်းနိုင်ငံမှတပ်ဖွဲ့၀င်များက ဗြိတိန်ဘက်မှ ပါ၀င်သည်။ တူရကီစစ်မြေပြင်၌ ၁၉၁၅ ခုနှစ်အတွင်း တပ်ဖွဲ့၀င်များ အကျအဆုံးများခဲ့သည်။ ၁၉၂၉ခုနှစ် ကမ္ဘာ့စီးပွားရေးပျက်ကပ်က ၎င်းနိုင်ငံကို ရိုက်ခတ်ထိခိုက်ခဲ့သည်။

အကူအညီယူ

၁၉၃၉ ခုနှစ်တွင် ၎င်းနိုင်ငံက ဗြိတိန်နိုင်ငံ၏ ဦးဆောင်မှုကိုလက်ခံပြီး နာဇီဂျာမနီကို စစ်ကြေညာခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် အမေရိကန်ကဂျပန်ကို စစ်ကြေညာသည်။ ဂျပန်က စင်ကာပူကိုသိမ်းပြီးနောက် ၎င်းနိုင်ငံက နိုင်ငံတော်ကာကွယ်ရေးအတွက် အမေရိကန်၏ အကူအညီကိုယူသည်။ အမေရိကန်၏ ပစိဖိတ်စစ်ဌာနချုပ်ကို ၎င်းနိုင်ငံ၌ဖွင့်ခွင့်ပြုသည်။

၁၉၄၈ ခုနှစ်တွင် ဥရောပမှ လူ၀င်မှုအစီအစဉ်တစ်ရပ်ကို စတင်ကျင့်သုံးခဲ့သည်။ နောင်နှစ်ပေါင်း ၃၀အကြာတွင် လူနှစ်သန်းကျော်ရောက်လာသည်။ ရောက်လာသူ သုံးပုံတစ်ပုံမှာ ဗြိတိန်နိုင်ငံမှဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် မဲလ်ဘုန်းမြို့၌ အိုလံပစ်အားကစားပွဲကျင်းပသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဆစ်ဒနီမြို့၌ အိုလံပစ်အားကစားပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အနိုင်ရ

၁၉၉၂ ခုနှစ်တွင် ၎င်းနိုင်ငံကို သမ္မတနိုင်ငံအဖြစ်ပြောင်းလဲရန် ၀န်ကြီးချုပ် ပေါလ်ကီတင်၏ လေဘာအစိုးရက အာမခံသည်။ ၁၉၉၃ ခုနှစ်ရွေးကောက်ပွဲတွင် ၀န်ကြီးချုပ် ပေါလ်ကီတင် အနိုင်ရသည်။

၁၉၉၆ ခုနှစ်ရွေးကောက်ပွဲတွင် ပေါလ်ကီတင်ရှုံးနိမ့်သွားသည်။ လစ်ဘရယ်ပါတီမှ ဂျွန်ဟောင်း၀ပ် ၀န်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲတွင် ၀န်ကြီးချုပ် ဂျွန်ဟောင်း၀ပ် ပြန်လည်အရွေးခံရသည်။

၂၀၀၁ ခုနှစ် ဇန်န၀ါရီလတွင် ဩစတြေးလျ နေသဟာယနိုင်ငံ စတင်ထူထောင်သည့် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။ ၀န်ကြီးချုပ် ဂျွန်ဟောင်း၀ပ်သည် ၂၀၀၁ ခုနှစ် နို၀င်ဘာလရွေးကောက်ပွဲတွင် တတိယအကြိမ်နှင့် ၂၀၀၄ ခုနှစ် အောက်တိုဘာလ ရွေးကောက်ပွဲတွင် စတုတ္ထအကြိမ် ပြန်လည်ရွေးချယ်ခံရသည်။

၀န်ကြီးချုပ်ဖြစ်

၂၀၀၇ ခုနှစ် နို၀င်ဘာလရွေးကောက်ပွဲတွင် အတိုက်အခံ လေဘာပါတီက ၀န်ကြီးချုပ် ဂျွန်ဟောင်း၀ပ်၏ လစ်ဘရယ်ပါတီကို မဲအပြတ်အသတ်ဖြင့် အနိုင်ရပြီးနောက် လေဘာပါတီခေါင်းဆောင် ကယ်ဗင်ရတ် ၀န်ကြီးချုပ်ဖြစ်လာခဲ့သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ၀န်ကြီးချုပ်သစ် ကယ်ဗင်ရတ်က ယခင်အစိုးရ၏ မူ၀ါဒကို ပယ်ဖျက်ကာ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး ကျိုတိုသဘောတူညီချက်ကို အတည်ပြုလိုက်သည်။

၂၀၀၈ ခုနှစ်တွင် နိုင်ငံအတွင်း ခိုလှုံခွင့်ကြိုးပမ်းသူများအား ပစိဖိတ်ကျွန်းငယ်များသို့ စေလွှတ်ထိန်းသိမ်းသည့်မူ၀ါဒကို ၎င်းနိုင်ငံက ပယ်ဖျက်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ခေတ်သစ် ဩစတြေးလျ ဓနသဟာယနိုင်ငံကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ကျော်က ဥရောပတိုက်သားများ အလုံးအရင်းနှင့် ရောက်ရှိလာပြီး ထူထောင်ခဲ့ခြင်းဖြစ်၊ သို့သော် ရှေးနှစ်ပေါင်းသောင်းချီသည့်ကာလကပင် အရှေ့တောင်အာရှမှ ရွှေ့ပြောင်း အခြေချသည့် အဘိုရီးဂျင်လူမျိုးများ ရောက်ရှိနေခဲ့၊ ဥရောပတိုက်သားများ အလုံးအရင်းနှင့်မရောက်မီက ထိုတိုင်းရင်းသားလူမျိုးဦးရေ သိန်းချီ၍ ရှိခဲ့သော်လည်း တဖြည်းဖြည်းလျော့နည်းကာ ၆၀၀၀၀ ခန့်သာကျန်။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အသိပေးဆွေးနွေးပွဲကျင်းပ
တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ခုနှစ် အသိပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ပိုလီယို

ရောဂါပပျောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်း ဒေသဆိုင်ရာ ပိုလီယိုပပျောက်ရေးအရာရှိ ဒေါက်တာကျော်ကံကောင်းက အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ခုနှစ်အတွက် ပြင်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရန်ကုန်တိုင်း အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ခုနှစ် ပထမအကြိမ်ကို ဇန်နဝါရီ ၁၀ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းအတွင်းရှိ ငါးနှစ်အောက် ကလေးငယ်စုစုပေါင်း ၆၈၅၀၀၀ကို ကာကွယ်ဆေးတိုက်အဖွဲ့ပေါင်း ၂၁၅၆ဖွဲ့က စုရပ် ၅၅၀၀ကျော်၌ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ခုနှစ် အသိပေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(ဆက်သွယ်ရေး)

ပခုက္ကူခရိုင်၌ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်များ
ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၇

ချင်းပြည်နယ် ကန်ပက်လက်မြို့၌ ရောက်ရှိနေသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းသည် ဇန်နဝါရီ ၃ရက်က ပခုက္ကူခရိုင် မြိုင်မြို့သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။

တက်ရောက်အားပေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြိုင်မြို့နယ် ကန်နီကျေးရွာ မူလတန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

တိုးမြှင့်ဖွင့်လှစ်ပေး

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၄ရက်တွင် ပခုက္ကူခရိုင် ကမ္မတိုက်နယ်သို့ရောက်ရှိပြီး ဒေသဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် လက်လှည့် Magneto အိတ်ချိန်းအား ဒီဂျစ်တယ်အော်တိုအိတ်ချိန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပြီး အိတ်ချိန်းကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ယင်းနောက် ဒုတိယဝန်ကြီးသည် ပေါက်မြို့သို့ရောက်ရှိပြီး ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အိတ်ချိန်းသစ်ကို ဖွင့်လှစ်ပေးကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်သောက်သုံးရေရရှိရေး
မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်

မိတ္ထီလာ ဇန်နဝါရီ ၇

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်မှ မြို့နယ်အတွင်းရှိ စက်ရေတွင်းများအား ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ပူးပေါင်းကာ အမြဲမပြတ် စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ပူးပေါင်းဆောင်ရွက်

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးညီညီသန့်သည် ဒီဇင်ဘာ၁၅ရက်က ညောင်ကုန်း၊ သပြေကုန်း၊ ညောင်လည်၊ အထက်မြင့်၊ ဝွေးကုန်းနှင့် သဘွတ်ကုန်း စသည့် ကျေးရွာများရှိ စက်ရေတွင်းများ၏ စက်ယန္တရားများ ကြံ့ခိုင်မှုအား ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို ကျေးရွာပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း(ဗဟို)
စဉ်ဆက်မပြတ် သူနာပြုပညာပေး ဆွေးနွေး

မကွေး ဇန်နဝါရီ ၇

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း(ဗဟို)မှ ကြီးမှူး၍ စဉ်ဆက်မပြတ် သူနာပြုပညာပေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၉ရက် နံနက် ၈ နာရီက မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အမှာစကားပြော

အခမ်းအနားတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်အောင်ကျော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သူနာပြုစုမှုဆိုင်ရာ ပညာရေး ဟောပြောဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဗဟို အလုပ်အမှုဆောင် ဒုတိယဥက္ကဋ္ဌ

ပါမောက္ခဒေါ်ရင်မြ၊ မြန်မာနိုင်ငံသူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်(ရန်ကုန်)မှ လက်ထောက်ကထိက ဗိုလ်မှူးဒေါ်သင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဗဟိုအလုပ်အမှုဆောင် တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဝင်းတို့က သူနာပြုစုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည်များကို ဆွေးနွေးဟောပြောကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပွင့်ဖြူမြို့နယ်၌ နွေစပါး၊ နွေနှမ်းစီမံကိန်းတာဝန်ပေးအပ်

ပွင့်ဖြူ ဇန်နဝါရီ ၇

ပွင့်ဖြူမြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါး၊ နွေနှမ်း စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်လွှာပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဌေးက ၂၀၀၈-၂၀၀၉ခုနှစ် တစ်မြို့နယ်လုံး နွေစပါး ၅၃၈၄၅ ဧကနှင့် နွေနှမ်း ဧက၃၄၂၀အား လျာထားချက်အပြည့်အဝ စိုက်ပျိုးရေးအတွက် ကျေးရွာအုပ်စုဥက္ကဋ္ဌများကိုယ်စား ကန်ပြည့်အုပ်စုဥက္ကဋ္ဌဦးစိန်ဘထွေးအား စီမံကိန်းတာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဟော်ကီပြိုင်ပွဲ

ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၈ ခုနှစ် (၁၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၃နာရီက ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေ၊ တိုင်းအားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ခင်မောင်အေး၊ နယ်မြေခံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တပ်နယ်အရာရှိ၊ စစ်သည်၊ အိမ်ထောင်စုဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရေးဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာသူများက ဗိုလ်လုပွဲစဉ်အဖြစ် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေးအပ်

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်မောင်က တတိယဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအားလည်းကောင်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်ဆွေက ဒုတိယဆုရ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းအားလည်းကောင်း၊ နယ်မြေခံ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က ပထမဆုရ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းအား လည်းကောင်း၊ တိုင်းအားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးက အကောင်းဆုံး အားကစားသမားဆုရရှိသူများကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေက တံခွန်စိုက်ဒိုင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းအား ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေ ၂၀၀၈ ခုနှစ် (၁၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနား တက်ရောက်ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

သန်လျင် အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏(၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဇန်နဝါရီ ၁၀ရက်(စနေနေ့)နံနက်၈ နာရီတွင်အထက (၁) ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အပူဇော်ခံအငြိမ်းစား ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံး (မပျက်မကွက်)တက်ရောက်ကြရန်နှင့် အလှူငွေများကို ယင်းနေ့တွင် တစ်ပါတည်း ထည့်ဝင်လှူဒါန်းပူဇော်နိုင်ကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက ဆရာဦးစိုးသိန်း အထက(၁)သန်လျင် ဖုန်း-၀၅၆-၂၁၁၄၁သို့ ဆက်သွယ်နိုင်သည်။

(ခရိုင် ပြန်/ဆက်)

စဉ့်ကူးမြို့နယ် မြကန်သာကျေးရွာ ပညာပါရမီ စာကြည့်တိုက်အဆောက်အအုံဖွင့်

စဉ့်ကူး ဇန်နဝါရီ ၇

စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာအုပ်စု မြကန်သာကျေးရွာ ပညာပါရမီ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အလှူငွေ၊ စာအုပ်စာစောင်၊ သတင်းစာ၊ ရေဒီယိုနှင့် ပရိဘောဂများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် မြို့နယ်ဦးစီးမှူးဒေါ်တင်တင်နုတို့က ပညာပါရမီ စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် ခရိုင် ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးခင်မောင်မြင့်က ငွေကျပ် ၁၂ သိန်းတန် ပညာပါရမီစာကြည့်တိုက်အဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင်တင်နုထံ လွှဲပြောင်းပေးအပ်သည်။

ဂုဏ်ပြုလွှာပေးအပ်

အစီအစဉ်အရ ပညာပါရမီစာကြည့်တိုက်သို့ အလှူရှင်အသီးသီးက လှူဒါန်းငွေကျပ်၁၄၀၁၂၀၀နှင့် ငွေကျပ် ၂၆၈၀၀၀ တန်ဖိုးရှိ သတင်းစာနှင့် သုတ၊ရသ စာအုပ်မျိုးစုံ၊ ငွေကျပ်၁၃၅၀၀တန်ဖိုးရှိ ရေဒီယိုကက်ဆက်တစ်လုံးကိုပေးအပ်လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်၊ မြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က အသီးသီး လက်ခံယူကြပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၅ရက် နံနက် ၉နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။**(အပေါ်ယာပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ပြည်တွင်းအခွန်ဦးစီး)**

နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျောက်တလုံးကြီး၌ ကျင်းပ

ကျောက်တလုံးကြီး ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နန်းမျိုးဆောင်းကျော်တို့သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက နောင်ပစ်ကျေးရွာအုပ်စု ဟမ်းဖို့ကျေးရွာမူလတန်းကျောင်းသို့ရောက်ရှိပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲနှင့်စာဖတ်ဝိုင်းကို ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဟမ်းဖို့ကျေးရွာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်ကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းကျင်းပရာ ဟမ်းဖို့ကျေးရွာသား ဦးမောင်မြင့်က ဒို့ကျေးရွာအတွက် မွေးမြူရေးနည်းလမ်းကောင်းစာအုပ်မှ ဒို့ကျေးရွာအတွက် အသုံးဝင်သောဆောင်းတစ်လက် ဆောင်းပါးကို ဖတ်ကြားပြီး ကျေးရွာသူ ဒေါ်မြရီက ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၈)မှ မောင်စိုက်ပျိုး (ကန့်ဘလူ)၏ စပါးပင် ကြီးထွားချိန်တွင် ဖျက်ဆီးနိုင်သောပိုးမွှား သတိပြုပါ ဆောင်းပါးကို ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကျောဖုံးမှ

ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်မြင့်မားသလို တစ်နှစ်ထက်တစ်နှစ် ငါးစားသုံးမှုမှာလည်း တိုးတက် မြင့်မားလာသည့်အတွက် ငါးနှင့်ရေထွက်ပစ္စည်းများ၏ ဝယ်လိုအားမြင့်မားလာမှုအပေါ် ငါးနှင့်ရေသယံဇာတထွက်ရှိရာ နိုင်ငံအသီးသီးကလည်း မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ငါးနှင့်ရေထွက်ပစ္စည်းများကို အမျိုးမျိုး ပြုပြင်မွမ်းမံ၍ ကမ္ဘာ့ဈေးကွက် အသီးသီးသို့ တင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ရှာဖွေလျက်ရှိကြသည်။ မြန်မာနိုင်ငံ၌လည်း ကုန်းတွင်းပိုင်း ငါးလုပ်ငန်းနှင့် ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တွင် ဖမ်းဆီးသည့် ရေငန်ငါးဖမ်းလုပ်ငန်းတို့

ငါးရစ်တစ်ကောင် သုံးလရှောင် ထောင်သောင်းမကပွား

ရှိကြပြီး ရေငန်ငါးဖမ်းလုပ်ငန်း၌ ထပ်မံ၍ ကမ်းနီးငါးဖမ်းလုပ်ငန်းနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းဟူ၍ နည်းနှစ်နည်းရှိနေပြန်သည်။ ကုန်းတွင်းပိုင်း ငါးဖမ်းလုပ်ငန်းတွင် သဘာဝချောင်းငယ်များ၊ မြစ်များ၊ ရေကန်ကြီးများ၊ အင်းအိုင်များတို့တွင် ငါးသယံဇာတများကို ဖမ်းဆီးကြပြီး ရေငန်ငါးဖမ်းလုပ်ငန်းတွင် ငါးဖမ်းကွက် တစ်ကွက်လျှင် အကျယ်အဝန်း စတုရန်းမိုင်၃၀ရှိသည့် ငါးဖမ်းကွက်ပေါင်း ၁၄၀၌ ဖမ်းဆီးကြခြင်းဖြစ်သည်။ အဆိုပါ ငါးဖမ်းကွက် ၁၄၀တွင် ရခိုင်ကမ်းရိုးတန်း၌အကွက် ၃၀၊ ဧရာဝတီကမ်းရိုးတန်း၌ ၄၄ကွက်၊ မွန်ကမ်းရိုးတန်း၌ ၁၄ကွက်နှင့် တနင်္သာရီကမ်းရိုးတန်း၌ ၅၂ကွက်တို့ အသီးသီး၌ ပြည်တွင်းစားသုံးရန်နှင့် ပို့လျှံသည်ကို ပြည်ပသို့တင်ပို့ရန် ဖမ်းဆီးနေကြသည်။

ပိုမိုလိုအပ်

ယင်းကဲ့သို့ ဝယ်လိုအားရှိမှုကြောင့် ဖမ်းဆီးမှုများ ပိုမိုများပြားလာခြင်းရှိသလို တစ်ဖက်တွင်လည်း တိုးတက်များပြားလာသည့် ခေတ်မီငါးဖမ်းနည်းများကြောင့်လည်းကောင်း၊ စက်ရုံ အလုပ်ရုံများမှ စွန့်ပစ်လိုက်သည့် အညစ်အကြေးများကြောင့်လည်းကောင်း၊ ပင်လယ်ပြင်ဂေဟစနစ်ကို ထိန်းကျောင်းပေးနေသည့် ပင်လယ်လိပ်၊ ငါးမန်းစသည့် ရေသတ္တဝါများ ရှားပါးလာခြင်းတို့ကြောင့် ငါးနှင့် ရေသယံဇာတများမှာ တဖြည်းဖြည်းနှင့် ထိန်းသိမ်းရန် ပိုမိုလိုအပ်လာသည်ကို တွေ့ရှိရပြီး ထိုအခြေအနေတွင် သဘာဝကပေးအပ်ထားသည့် သယံဇာတများ မကွယ်ပျောက်စေရေးအတွက် အချိန်မီ အလေးဂရုပြု ထိန်းသိမ်းခြင်းမရှိပါက သဘာဝက ပြန်လည်ပေးအပ်လာမည့် ဘေးဒုက္ခများကို မလွဲမသွေကြုံတွေ့ ခံစားသွားကြရမှာဖြစ်သည့်အတွက် ရေသယံဇာတများ အရှည်တည်တံ့စေနိုင်ရေးအတွက် အဓိကဆောင်ရွက်ပေးနေသည့် ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ ရေလုပ်သားများ၊ ရေထွက်ပစ္စည်းတင်ပို့သူများ၊ ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်သည်။

ရေလုပ်သားအများစုရှိရာ ငါးဖမ်းလှေဆိပ်များသို့ ကွင်းဆင်း၍ အသိပညာပေးခြင်းလုပ်ငန်းများကို ဤသို့ ဆောင်ရွက်လျက်ရှိသည်။ (ငါးလုပ်ငန်း)

ရေသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝရေပြင်များ၊ မြစ်ချောင်းများ၊ ဆည်ကြီးများနှင့် ပင်လယ်ပြင်တို့တွင် ရေနေငါးသယံဇာတများ မျိုးစိုက်ထည့်ပေးခြင်း၊ ငါးရစ်တက်ချိန်နှင့် မျိုးပွားချိန်တို့တွင် ဖမ်းဆီးခြင်းမပြုရန် ဧရိယာနှင့်အချိန်ကာလသတ်မှတ်၍ တားမြစ်ခြင်း၊ အရွယ်မရောက်သေးသည့် ရေသယံဇာတများအား ဖမ်းဆီးခြင်း၊ တရားမဝင် စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း မပြုလုပ်စေရန်၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်၍ တားမြစ်ခြင်း၊ တရားမဝင်တင်ပို့မှုများကို စစ်ဆေးခြင်း၊ အရေးယူခြင်း၊ တရားမဝင်တင်ပို့မှုမှ ဖမ်းဆီးရမိသည်များကို သဘာဝရေပြင်သို့ ပြန်လွှတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပင်လယ်ပြင်၏ဂေဟစနစ်ကို အထောက်အကူပြုပြီး ထူးခြားသည့်စွမ်းဆောင်ချက်များဖြင့် ပင်လယ်ရေနေသတ္တဝါများကို အကျိုးပြုနေသည့် ရှားပါးစာရင်းဝင် မျိုးတုံးအန္တရာယ်ကျရောက်နေသည့် ပင်လယ်လိပ်များ၊ ငါးမန်းများကို အမိန့်ကြေညာစာ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ကာကွယ်ပေးခြင်း၊ ယင်းသတ္တဝါများ၏ တည်ရှိမှု၊ ပြောင်းရွှေ့ နေထိုင်ကျက်စားမှု၊ သေဆုံးမှုများကို နိုင်ငံတကာငါးလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်း၍ သုတေသနပြု ဆောင်ရွက်ခြင်းများ၊ သယံဇာတမျိုးပြုန်းနိုင်သည့် ငါးဖမ်းဆီးသည့်နည်းများနှင့် ငါးဖမ်းကိရိယာများကို အသုံးမပြုကြရန် ပညာပေးခြင်း၊ အမိန့်ညွှန်ကြားချက်များ၊ ဥပဒေများထုတ်ပြန်၍ တားမြစ်ခြင်း စသည်များဖြင့် ရေသယံဇာတများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ထိန်းသိမ်းလျက်ရှိပေသည်။

အသိပညာပေး

ထိုသို့ ငါးလုပ်ငန်းဦးစီးဌာနက ဗဟိုအပိုင်းတွင် ဥပဒေများ၊ ညွှန်ကြားချက်များ၊ အမိန့်ကြေညာစာများ

ဥနဲ့ငါးကိုပွားစေလို ငါးရစ်ဆိုလျှင် မဖမ်းနှင့်

ထုတ်ပြန်ပေးခြင်း၊ နိုင်ငံပိုင်သတင်းစာ၊ ရုပ်မြင်သံကြားတို့မှ အသိပညာပေးဆောင်းပါးများ၊ ပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသ၍ သယံဇာတထိန်းသိမ်းရေးကို ဆောင်ရွက်နေသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံမှုကိုကြည့်လျှင် လိုအပ်ချက်များ ရှိနေဆဲဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ငါးရစ် ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမတုံး

ယင်းသို့ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရေးအတွက်ဆိုလျှင် ဗဟိုအပိုင်းက ဆောင်ရွက်နေမှုများကို အခြေခံဖြစ်သည့် မြို့နယ်၊ ခရိုင်များနှင့် ပြည်နယ်၊ တိုင်းတို့မှပါ အချိုးညီညီ ပူးပေါင်းပါဝင်ရန် လိုအပ်သည့်အားလျော်စွာ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးတို့သည် မိမိတာဝန်ကျရာ နယ်မြေအတွင်းရှိ ရေလုပ်သားများ၊ ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်၍ အသိပညာပေးသည့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြသည်။

သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးမှူးတို့သည် မိမိတာဝန်ကျရာ နယ်မြေအတွင်း ရေလုပ်သားများ၊ ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးသည့် လုပ်ငန်းများကို ဤသို့ လုပ်ဆောင်လျက်ရှိသည်။ (ငါးလုပ်ငန်း)

ထိုသို့ လုပ်ဆောင်ပေးနိုင်ရန် ငါးလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူများသည် ရေလုပ်သားအများစုရှိရာ ငါးဖမ်းလှေဆိပ်များသို့ ကွင်းဆင်း၍ ငါးဖမ်းဆီးရာမှ ပြန်ဝင်လာသည့် ရေလုပ်သားများနှင့် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခွာမည့် ရေလုပ်သားများအား ကျေးရွာ တာဝန်ရှိသူများ အကူအညီဖြင့် သင့်တော်ရာစုရပ်များတွင် စုဝေး၍ အောက်ခြေရေလုပ်သားများ နားလည်လွယ်မည့် စကားလုံး အသုံးအနှုန်းများ၊ ဥပမာ၊ သာဓကများပေး၍ မြန်မာတို့၏ အဓိကအစားအစာတွင် မပါမဖြစ်သည့် ငါး၏ အရေးပါပုံနှင့် ကမ္ဘာပေါ်ရှိ လူတန်းစား အလွှာအသီးသီးတို့က အားကိုးအားထားပြုနေရသည့် ငါးနှင့် ရေသယံဇာတတို့၏ လူသားများ၏ ပတ်ဝန်းကျင်နှင့် အကျိုးစီးပွားကို လည်းကောင်း၊ နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးရေးတွင် ငါးနှင့် ရေထွက်သယံဇာတ ပေါကြွယ်သည့် နိုင်ငံများ၏ အဓိကဝင်ငွေတွင် ရေသယံဇာတများမှ ရှာဖွေပေး နိုင်ပုံတို့ကို လည်းကောင်း ရှင်းလင်းပြောကြားသည့်အခါ ရေလုပ်သားများမှာ မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသားဖြင့် ၎င်းတို့ရှာဖွေ လုပ်ကိုင်နေသည့် ငါးနှင့်ရေသယံ ဇာတတို့၏ အသုံးဝင်မှု အကျိုးပြုမှုကို သိရှိလာကြပြီး ထိုသို့ အကျိုးပြုနေသည့် ငါးနှင့် ရေသယံဇာတများကို သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာန တစ်ခုတည်း ထိန်းသိမ်းရုံဖြင့် မလုံလောက်ဘဲ အဓိကရေလုပ်သားများ၊ ပြည်သူများပါ ပူးပေါင်းပါဝင်သင့်ပုံ၊ ငါးလုပ်ငန်းဦးစီးဌာနက ငါးနှင့် ရေသယံဇာတများ ပျက်စီးခြင်းမှ ကာကွယ်ရန် ရည်ရွယ်၍ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်တားမြစ်ထားသည့် ငါးဖမ်းနည်းများဖြစ်သည့် အဆိပ်ချခြင်း၊ မိုင်းခွဲခြင်း၊ ဘက်ထရီရှော့တိုက်၍ ငါးဖမ်းဆီးခြင်းများကို မပြုလုပ်ကြရန် ပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေးခြင်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များ ပါဝင်သော သယံဇာတထိန်းသိမ်းရေးအဖွဲ့ NGO များ ဖွဲ့စည်း၍ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိနေသည်။

ထို့အပြင် ငါးနှင့်ရေသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေလုပ်သားများသာမက ငါးနှင့် ရေထွက်ပစ္စည်းများကို စီးပွားဖြစ်ဝယ်ယူ စုဆောင်းသူများ၊ တင်ပို့သူများ အပိုင်းကလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ မျိုးတုံးအန္တရာယ် ကျရောက်တော့မည်ဖြစ်၍ ဌာနက ဥပဒေ ညွှန်ကြားချက်များ ထုတ်ပြန်တားမြစ် ထားသော်လည်း ဗဟုသုတနည်းပါးသည့် ရေလုပ်သားများက ရှာဖွေလာစေဦးတော့ အတွေ့အကြုံဗဟုသုတ ထိုက်သင့်သရွေ့ရှိသည့် ဝယ်ယူစုဆောင်းသူ၊ တင်ပို့သူများအပိုင်းက ထိုတားမြစ်ထားသည့် သတ္တဝါအမျိုးအစား၊ အရွယ်အစားများကို ဝယ်ယူခြင်း၊ တင်ပို့ခြင်းမပြု ကြမှသာ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းရေးကို အထောက်အကူ ဖြစ်လာမှာဖြစ်သည်။ ငါးနှင့်ရေသယံဇာတများအား ဝယ်ယူစုဆောင်း၍ တင်ပို့သူများအပိုင်းက ပူးပေါင်းပါဝင်လာခြင်းမရှိပါက ပလိုင်းပေါက်နှင့် ဖားကောက်ဆိုသကဲ့သို့ သယံဇာတထိန်းသိမ်းရေးတွင် မျှော်မှန်းသလောက် ခရီးမပေါက်နိုင်ပါချေ။

ပူးပေါင်းပါဝင်

၎င်းအပြင် စားသုံးသူများအပိုင်းကလည်း သယံဇာတမျိုးတုံးခြင်းမှ ကာကွယ်ရန်အလို့ငှာ တားမြစ်ထားသည့် ငါးနှင့် ရှားပါးရေနေသတ္တဝါများ၊ တားမြစ်ထားသည့် အရွယ်အစားများ၊ တားမြစ်ထားသည့် ဒေသမှထွက်ရှိသည့် သယံဇာတထွက်ကုန်များကို ဝယ်ယူစားသုံးမှု မပြုခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်လှပေသည်။

ဥကပ်ပုစွန်များ ချန်လှပ်ထား ပုံမှန်တိုးပွား ရေရှည်စား

သို့ဖြစ်၍ သဘာဝကပေးအပ်ထားသည့် ရှားပါးပြီး လူသားတို့ စွမ်းဆောင်နိုင်ခြင်းမရှိသေးသည့် အချက်များကို ထူးခြားစွာ ဆောင်ရွက်ပေးနေကြသည့် ငါးနှင့်ရေသယံဇာတများ၊ ရှားပါးစာရင်းဝင် မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရေသတ္တဝါများပါဝင်သည့် သယံဇာတများအား ထိန်းသိမ်းကြရာတွင် နိုင်ငံတော်အပိုင်း၊ သက်ဆိုင်ရာငါးလုပ်ငန်း ဦးစီးဌာန၏အပိုင်း၊ ရေလုပ်သားများအပိုင်း၊ ရေထွက်ပစ္စည်းဝယ်ယူစုဆောင်း တင်ပို့သူများအပိုင်းနှင့် စားသုံးသူပြည်သူအပိုင်းတို့က အတူပူးပေါင်း၍ နိုင်ငံပိုင်ရေသယံဇာတများ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားအတွက် ရေသယံဇာတများကို စနစ်တကျ အသုံးပြုတတ်စေပြီး ရေထွက်ပစ္စည်းများမှ ရရှိမည့် အကျိုးကျေးဇူးများကို နိုင်ငံသားများအပြည့်အဝ ခံစားနိုင်စေရေးကို ရည်ရွယ်၍ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံးအတွက် အလွန်အရေးကြီးလှသည့် ငါးနှင့်ရေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းကို တူညီသောအသိဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

အထက(၁)ရန်ကင်း (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

အထက(၁) ရန်ကင်း ကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၉၆၂-၁၉၇၈) ခုနှစ်အတွင်း ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိလျက် သက်ပြည့်အငြိမ်းစားဘဝနှင့် ရပ်တည်နေကြသော ဆရာကြီး ဆရာမကြီးများအား နှစ်စဉ်မပျက် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် အထက(၁) ရန်ကင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲ ကျင်းပမည့်ရက်တွင် မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဇေယျာကို ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း) ဖုန်း ၀၉-၅၂-၀၀၂၀၀၊ ဦးအောင်ခိုင် ဖုန်း-၅၇၀၀၈၉၊ ဦးသန်းညွန့် ဖုန်း-၀၉-၅၁-၅၂၈၂၅၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၀-၆၃၈၈၉၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၀၂၆၁၂၊ ဦးခင်မောင်လှိုင် ဖုန်း-၀၉-၅၀-၄၀၉၉၇၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၀-၂၄၉၃၀နှင့် ကျောင်းအုပ်ကြီး အထက(၁) ရန်ကင်း ဖုန်း-၅၅၇၅၀၆ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၃ရက်က ကျောက်တန်း အထက(၂) ပညာရေးစုံညီပွဲတော်ကို သော်ကရတနာခန်းမဆောင်၌ ကျင်းပရာ ကျောင်းသူလေးများက အကဖြင့်ဖျော်ဖြေကြစဉ်။ (၁၁၅)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၇

အခြေခံသူနာပြုနှင့်သက်ကြီးရွယ်အိုစောင့်ရှောက်မှုသင်တန်းဖွင့်

အခြေခံသူနာပြုနှင့် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်မှုသင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော် မင်္ဂလာခန်းမ၌ ဇန်နဝါရီ၁ရက် နံနက်၉နာရီက ကျင်းပခဲ့ပြီး ဇန်နဝါရီ၃၀ရက်အထိ သင်ကြားပေးမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၅၄၆၁၉၆သို့ ဆက်သွယ်နိုင်သည်။

လှိုင်(ရေကြောင်း) အာစရိယပူဇော်ပွဲ

လှိုင်(ရေကြောင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဌမအကြိမ် အာစရိယပူဇော်ပွဲကို မတ်၂၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဓနမွှာရုံ ကြားတောရလမ်းမကြီး ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင်ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ ဖုန်း-၂၅၂၆၃၈နှင့် ၂၄၉၇၄၉ တို့သို့ ဆက်သွယ်နိုင်သည်။

စီးတီးအက်ဖ်အမ် သတ္တမအကြိမ် နှစ်ပတ်လည်ကျင်းပ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မြို့တော်အသံလွှင့်ဌာန (City FM) သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ၃ရက် ည၇နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပခဲ့ပြီး ၂၀၀၈ခုနှစ်အတွင်း မြန်မာသံစဉ်နှင့် စတီရီယို တေးထုတ်လုပ်သူဆုနှင့် မြန်မာသံစဉ်အဆိုရှင် အမျိုးသား အမျိုးသမီးဆု၊ စတီရီယို အမျိုးသားဆု၊ ပရိသတ်တောင်းဆိုမှုအများဆုံး အမျိုးသား အမျိုးသမီးဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ ကျင်းပမည်

စတုတ္ထအကြိမ်မြောက် ဂျပန်စာပေ ဘာသာပြန်ပြိုင်ပွဲကို ရန်ကုန်နှင့် မန္တလေးတွင် တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇန်နဝါရီ ၅ရက်မှ ဖေဖော်ဝါရီ ၆ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့မှလွဲ၍) ရန်ကုန်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာနနှင့် မန္တလေးမြို့ Hito Centre တွင် လူကိုယ်တိုင်လာရောက် လျှောက်လွှာထုတ်ယူနိုင်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

ငယ်သူမို့မသိပါရုပ်ရှင် ရုံတင်မည်

ယခုအပတ်သောကြာနေ့(ဇန်နဝါရီ၉ရက်)တွင် ငယ်သူမို့မသိပါ ရုပ်ရှင်ဇာတ်ကားရုံတင်ပြသမည်ဖြစ်သည်။ အဆိုပါဇာတ်ကားကို ဒါရိုက်တာ အိအိခိုင်ရိုက်ကူးပြီး လူမင်းနှင့် ချစ်သုဝေတို့ပါဝင်သရုပ်ဆောင်ကာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများ၌ ရုံတင်မည်ဖြစ်သည်။

ပန်းချီဝသုန် အမှတ်တရ ပန်းချီပြပွဲကျင်းပမည်

ရုပ်ပြသရုပ်ဖော်ပန်းချီ ရေးဆွဲမှုလောက၌ နှစ်ပေါင်းများစွာရပ်တည်ထင်ရှားခဲ့သူ ပန်းချီဝသုန်၏အမှတ်တရ ပန်းချီပြပွဲကို ဗိုလ်ချုပ်ဈေးရှိ မြန်မာ့ရိုးရာ ပန်းချီပညာရှင်များအစည်းအရုံး ပန်းချီပြပွဲကို လာမည့် ဖေဖော်ဝါရီ ၁၀ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြပွဲတွင် စာနယ်ဇင်း သရုပ်ဖော်ပန်းချီဆရာ ၇၀တို့ကလည်း ပါဝင်ပြသကြမည်ဖြစ်သည်။

ကလေးမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ကလေးငယ်များအတွက် သုတရသ၊ ကျန်းမာရေး၊ ပုံပြင်၊ ယဉ်ကျေးမှုအစရှိသော ကဏ္ဍများစွာပါဝင်သည့် ကလေးမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၁ ကို ဇန်နဝါရီလတွင် ထုတ်ဝေဖြန့်ချိကြောင်းသိရသည်။ အသက်၁၂နှစ်မှ ၁၇နှစ်အရွယ်များဖတ်ရန်အတွက် ရည်ရွယ်သည်ဟု သိရသည်။

တောကကိုလူလည် ဇာတ်ကား ဖြန့်ချိမည်

ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို ပျော်ရွှင်ရယ်မောဖွယ်တင်ပြထားသည့် ဒါရိုက်တာနောင်ထွန်းလွင်ရိုက်ကူးပြီး ဝေဠုကျော်၊ သက်မွန်မြင့်တို့ အဓိကသရုပ်ဆောင်ထားသည့် တောကကိုလူလည် ဗီဒီယိုဇာတ်ကားကို မဏိရွှေစင်ဗီဒီယိုထုတ်လုပ်ရေးမှ မကြာမီ ဖြန့်ချိမည်ဟုသိရသည်။

ကာတွန်းရုပ်စုံ စာနယ်ဇင်းမိတ်ဆက်

Coconut House ၏ စီစဉ်မှုဖြင့် BEN-10 ကာတွန်းရုပ်စုံ စာနယ်ဇင်း မိတ်ဆက်ပွဲကို ဇန်နဝါရီ ၄ရက် မွန်းတည့် ၁၂နာရီက ကန်တော်မင်္ဂလာပန်းခြံ ဟက်ပီးဝေါလ်၌ ကျင်းပခဲ့ပြီး အဆိုပါစာအုပ်ကို တစ်လလျှင် နှစ်ကြိမ် ထုတ်ဝေမည်ဖြစ်သည်။

ပြည်ပသို့ကုန်သေတ္တာ ၆၇၂၆၂ ပို့ဆောင်ပေးခဲ့

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ စင်ကာပူဆိပ်ကမ်းနှင့် မလေးရှားနိုင်ငံ ပို့ကီလန်ဆိပ်ကမ်းသို့ သင်္ဘောလေးစင်းဖြင့် ကုန်သေတ္တာများတစ်ပတ်လျှင် အနည်းဆုံး ခရီးစဉ်နှစ်ခေါက် ပုံမှန်ပို့ဆောင်လျက်ရှိရာ ၂၀၀၇-၂၀၀၈ဘဏ္ဍာနှစ်တွင် ပေ၂၀ ကုန်သေတ္တာ ၆၇၂၆၂လုံး (ကုန်တန်ချိန် ၁၁ ဒသမ ၅သိန်း) ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

တစ်မူထူးခြား ဘက်စုံဖွံ့ဖြိုးတိုးတက် စည်ပင်လာသော ဝါးခယ်မမြို့နယ် စံအိပ်စံပြကျေးရွာသို့ တစ်ခေါက်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - မော်ကျွန်းမြင့်အောင်(ပြန်/ဆက်) — စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၇

ဒီဇင်ဘာ ၁၅ရက် နံနက်ခင်း ဖျော့တော့တော့ အလင်းရောင်အောက်တွင် အနောက်တောင်ဘက်သို့ ဦးတည်ခုတ်မောင်းနေသော ရှိုင်းထက်ပဲ့ထောင်ရေယာဉ်သည် ငှက်တော်ရေကျော်ကိုကျော်လွှားပြီးသောအခါ ညောင်ရွာဖျားနှင့် ညောင်ရွာဝကျေးရွာများကို တစ်ဆက်တည်းလှမ်းတွေ့နေရသည်။

စံအိပ်ခရီးတွင် သတင်းအဖွဲ့နှင့်အတူ စံအိပ်ကျေးရွာသားများ ဖြစ်သော နံးကျွန်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊အဖွဲ့ဝင်ဦးယဉ်ထွေး၊ ရပ်မိရပ်ဖ ဦးအောင်ဝင်းနှင့် ဦးစိုးနွယ်တို့လည်း လိုက်ပါခဲ့ကြသည်။ နံးကျွန် မြစ်ပြင်ကျယ်အရောက်တွင် စက်တပ်ပိုက်လှေကိုယ်စီဖြင့်လုပ်ငန်းဝင်နေသော ရေလုပ်သားအစုအဖွဲ့များကိုလည်း နံနက်ခင်း နေရောင်ခြည် ရွှန်းလဲ့လဲ့အောက်တွင်တွေ့မြင်ခဲ့ရသည်။

“ကျောင်းတိုင်း စံအိပ်ကို အတုယူပြီး ကျောင်းစိုက်ခင်းက ဝင်ငွေရအောင်လုပ်ရင် ကျောင်းအတွက် အပိုဝင်ငွေ ရပါတယ်” ဦးအေးမြင့် ကျောင်းကော်မတီဥက္ကဋ္ဌ စံအိပ်စံပြကျေးရွာ

နံးကျွန်မှလှမ်းကြည့်လျှင် ကျွန်းပြာသာဒ်မြစ်ပြင်ကျယ် တစ်ဖက်ကမ်းစီ၌ စံအိပ်ကို တွေ့မြင်နေရသည်။ စံအိပ်၏ အဝေးရှုခင်းမှာ နေအိမ်အဆောက်အအုံများ၊ သစ်ပင်ဝါးပင် စိမ်းစိမ်းစိုစိုဖြင့် သာယာတင့်မောဖွယ် ကောင်းနေသည်။ ရှိုင်းထက်သည် အားနှင့်မာန်နှင့် ခရီးနှင်ခဲ့ရာ နံနက် ၈နာရီတွင် စံအိပ်စံပြကျေးရွာသို့ ရောက်ရှိကြသည်။ ဗဟိုလမ်းမကြီးဆိပ်ကမ်းတံတားမှစံအိပ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဇော်နိုင်၊ အဖွဲ့ဝင် ဦးလှတိုး၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းငွေနှင့် ရပ်မိရပ်ဖများက ဆီးကြိုနှုတ်ဆက်ကြသည်။

ထို့နောက် ရပ်မိရပ်ဖ ဦးငြိမ်းအား “စံအိပ် သမိုင်းကြောင်းလေး လမ်းလျှောက်ရင်းပြောပြပါဦး”ဟု စကားစလိုက်သည်။ ဦးငြိမ်းက ဤသို့ ရှင်းလင်းပြောပြသည်။

စံအိပ်ကျေးရွာ

“သက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် အထက်အညာဒေသ တမွဒီပတိုင်း မကွေးတိုင်း ချောက်မြို့နယ် ရွာမကျေးရွာကနေ စုန်ဆင်းလာတဲ့ ဦးပိုက်နှင့် ဒေါ်မိုးတို့ဟာ ဦးစံအိပ်နဲ့ တိုင်ပင်ပြီး မလှမ်းမကမ်းရှိ တောကို ခုတ်ထွင်ရှင်းလင်းလို့လယ်ယာလုပ်ငန်း လုပ်ကိုင်ခဲ့ကြတယ်။ ၁၂၄၃ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်မှာ အထက်အညာကညီအစ်ကိုမောင်နှမ ရှစ်ဦးတို့ကို ခေါ်ပြီး ရွာသစ်တည်ဆောက်ကာ ဦးစံအိပ်ကို အကြောင်းခံ၍ စံအိပ်ကျေးရွာဟု အမည်ပေးခေါ်တွင်ခဲ့ကြတယ်။ ကျေးရွာတည်သက်တမ်းမှာ ၁၂၇နှစ် ရှိပြီ ဖြစ်ပါတယ်”ဟု ရှင်းလင်းပြောပြသည်။

စာရေးသူတို့ သတင်းအဖွဲ့အား စံအိပ်ကျေးရွာအုပ်စုဥက္ကဋ္ဌဦးဇော်နိုင်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်သိန်းငွေတို့က အထက်တန်းကျောင်းခွဲ ဧည့်ခန်းမတွင်ခေတ္တအနားယူရန် နေရာချထားပေးသည်။ မကြာလိုက်ပါ၊ ကျောင်းဝင်းအတွင်းရပ်မိရပ်ဖများ၊ ကျောင်း

“တစ်ရွာနဲ့တစ်ရွာ ဒေသထွက်ကုန်ပစ္စည်းချင်း ဖလှယ်ရောင်းဝယ်တဲ့ ဈေးကွက် စီးပွားရေးစနစ်ကို စံအိပ်မှာ တွေ့မြင်ရတယ်” ဦးဇော်နိုင် ကျေးရွာအုပ်စုဥက္ကဋ္ဌ စံအိပ်စံပြကျေးရွာ

ကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ အခြေခံပညာ အထက်တန်းအောင် ဂုဏ်ထူးရ ကျောင်းသူ ကျောင်းသားများ၊ နှမ်းစပါးစိုက် လယ်သမားများ အစုံအညီ ရောက်ရှိနေကြသည်။

ထို့နောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းငွေက “ဒေသဖွံ့ဖြိုးတိုးတက်ရေးအကြောင်းများမေးမြန်းနိုင်ပါတယ်” ဟု သတင်းအဖွဲ့ကို ပြောလာသည်။

သတင်းအဖွဲ့က “ကဲ ဆရာမကြီးရေ၊ စံအိပ်ပညာရေး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပုံနည်းလမ်းလေး သိပါရစေ”ဟု မေးမြန်းခဲ့သည်။

အောင်ချက်မြင့်မား

“စံအိပ်အခြေခံပညာအထက်တန်းကျောင်းခွဲက အခြေခံပညာအထက်တန်းစာမေးပွဲ အောင်ချက်မြင့်မားပါတယ်။ ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်နှစ်မှာ အောင်ချက်က ၃၄ ဒသမ ၃၈ရာခိုင်နှုန်းအောင်မြင်လို့ ဝါးခယ်မတစ်မြို့နယ်လုံးမှာ ပထမရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၇-၂၀၀၈ခုနှစ်ပညာသင်နှစ်မှာတော့ ၄၁ ဒသမ ၃ ရာခိုင်နှုန်း အောင်မြင်လို့ ဝါးခယ်မတစ်မြို့နယ်လုံးမှာဒုတိယရရှိခဲ့ပါတယ်။

အခုလိုပညာရေးဘက်က ထူးထူးချွန်ချွန် အောင်မြင်မှု ရရှိတာဟာ မိဘဆရာပူးပေါင်းကလေးပညာကောင်းဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ အကျိုးကျေးဇူးပါပဲ”ဟု ရှင်းလင်းပြောပြသည်။

ဆက်လက်ပြီး သတင်းအဖွဲ့သည် ကျောင်းကော်မတီဥက္ကဋ္ဌ ဦးအေးမြင့်အားမေးမြန်းခဲ့သည်။ “စံအိပ်ကျောင်းကအတုယူဖို့ကောင်းပါတယ်။ အခြေခံပညာ အထက်တန်း စာမေးပွဲ အောင်ချက် ကောင်းရုံတင်မကသေးပါဘူး။ ကိုယ်ပိုင်ဝင်ငွေနဲ့ ရပ်တည်နိုင်အောင် ကျောင်းတွင်းစိုက်ခင်းလည်း လုပ်ထားပါတယ်၊ အသင်းလိုက်ငါးသင်း စိုက်ခင်းလို့ ခေါ်ပါတယ်။ ကျောင်းစိုက်ခင်းမှာ ကျောက်ဖရုံ၊ ရွှေဖရုံ၊ ဘူး၊ ခဝဲ၊ ပုံလုံ၊ တိုင်ထောင်ပဲ၊ ချဉ်ပေါင်၊ နံနံ၊ နှင်းဆီ၊ သပြေနဲ့ အခြားဝင်ငွေရမယ့်အပင်တွေလဲ စုံလို့ပါပဲ၊ တစ်လကို ကျောင်းစိုက်ခင်းက ကျပ်သုံးသောင်းမှ လေးသောင်းအထိ ဝင်ငွေရနေပါတယ်၊ ဘဏ်စာအုပ်ထဲ လစဉ်ထည့်ပါတယ်၊ ကျောင်းစိုက်ခင်းကတော့ တစ်ဧကလောက်ကျယ်ပါတယ်၊ ကျောင်းတိုင်း စံအိပ်ကို အတုယူပြီးကျောင်းစိုက်ခင်းကဝင်ငွေရအောင် လုပ်ရင် ကျောင်းအတွက် အပိုငွေ ရနိုင်ပါတယ်”ဟု ရှင်းလင်းပြောပြသည်။

“ကျွန်တော်ဆိုရင် နှမ်းစပါး စိုက်လို့ လူနေမှု အခြေမြင့် အသွင်တင့်လာတာပါ” ဦးအောင်မင်း နှမ်းစပါးစိုက်လယ်သမား စံအိပ်စံပြကျေးရွာ

အချိန်ကား နံနက် ၉ နာရီရှိပြီဖြစ်သည်။ စံအိပ်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဇော်နိုင်က “ဆရာတို့အဖွဲ့ ခေတ္တနားနေပါဦး”ဟုဆိုပြီး စံအိပ်လက်ဖက်ရည်ဖြင့် ဧည့်ခံကျွေးမွေးသည်။ စံအိပ်လက်ဖက်ရည်ကား တစ်မျိုးသောက်ကောင်းပြီး အရသာထူးနေသည်။

“ကျေးဇူးပါပဲဗျာ၊ စံအိပ်ကတော့ တကယ့်ကို စံပြကျေးရွာပါပဲ။ စံနမူနာယူစရာတွေလဲအများကြီးပါပဲ။

ဒါနဲ့ စံအိပ်၏ ဒေသဖွံ့ဖြိုးရေးအကြောင်းလဲသိချင်သေးလို့ပြောပြပေးပါဦး”ဟု စံအိပ်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဇော်နိုင်အားတွေ့ဆုံမေးမြန်းခဲ့သည်။

စိုက်ပျိုးမည်

“စံအိပ်က အခြားကျေးရွာတွေထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာတာကတော့ စံအိပ် ကျေးရွာသားတွေက သိပ်အလုပ်လုပ်ကြတယ်၊ မိုးစပါး၊ နှမ်းစပါး၊ ဆောင်းသီးနှံ စိုက်ပျိုးရေးသာမက အိမ်တိုင်း မီးဖိုချောင်သီးနှံ စိုက်ခင်းအပြင် ကြက်၊ ဘဲနဲ့ ဝက် မွေးမြူရေးတွေလဲ လုပ်ကြတယ်။ ဝင်ငွေတွေရနေကြတော့ အိမ်တိုင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ကြတာပါပဲ။ စံအိပ်က အိမ်ခြေ ၅၆၀၊ လူဦးရေ

“မိဘဆရာပူးပေါင်း ကလေးပညာကောင်းဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ အကျိုးကျေးဇူးပါပဲ” ဒေါ်သိန်းငွေ ကျောင်းအုပ်ဆရာမကြီး စံအိပ်စံပြကျေးရွာ

၃၀၅၅ဦးနေထိုင်ပါတယ်။ မိုးစပါးက ၂၁၁၉ ဧကစိုက်ပျိုးပါတယ်။တစ်ဧကတင်း ၆၀ အနည်းဆုံး ထွက်ပါတယ်။ အချို့ အထွက်ကောင်း လယ်ယာစိုက်ကွင်းတွေမှာ တော့ တစ်ဧက ၆၅ တင်းကနေ တင်း ၇၀အထိ ထွက်တာလဲ ရှိပါတယ်။ ဒါ့အပြင်ယခုနှမ်းစပါးရာသီမှာနှမ်းစပါး ၅၆၆ ဧကပဲတီစိမ်းဧက ၁၅၀၀ နဲ့ နေကြာသီးညှပ် ၂၂၉ ဧက စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။

စံအိပ်ကျေးရွာအုပ်စုထဲမှာအထက်စု၊ ရွာလည်၊ အောက်စု၊ တလိုင်းစု၊ ပေါင်တို၊ ကျူတော၊ သစ္ဆေချောင်းနဲ့ ကျွန်းကြားတို့ ပါဝင်ပါတယ်။ အဲဒီကျေးရွာတွေထဲမှာကျွန်းကြား၊ရွာလယ်နဲ့ အထက်စု ကျေးရွာတို့က ကျေးရွာကြီးများ ဖြစ်ပါတယ်။

စံအိပ်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါတယ်၊ ကျေးရွာချင်းဆက်သွယ်တဲ့ မြေသားလမ်းတွေ ဖောက်လုပ်ထားပါတယ်၊ စံအိပ်မှ ပေါင်တို မြေသားလမ်းပေ ၁၂၀၀၀၊ စံအိပ်မှ ကျွန်းကြားမြေသားလမ်းပေ ၉၀၀၀၊စံအိပ်မှ သစ္ဆေချောင်းမြေသားလမ်းပေ၇၀၀၀နဲ့ စံအိပ်မှ ကျူတော မြေသားလမ်းပေ ၁၂၀၀၀ တို့ ဆက်သွယ်ဖောက်လုပ်ထားပါတယ်၊ တစ်ရွာနဲ့ တစ်ရွာ ဒေသထွက်ကုန်ပစ္စည်းချင်း ဖလှယ်ရောင်းဝယ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို စံအိပ်မှာ တွေ့မြင်ရပါတယ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်နေတာ တွေ့ရပါတယ်၊ တစ်ရွာနဲ့တစ်ရွာ အချိန်တို ကာလအတွင်း သွားလာဆက်သွယ်နိုင်ကြပါတယ်၊စံအိပ်ကိုဗဟိုပြုပြီးဆက်သွယ်ကြပါတယ်၊မော်တော်ဆိုင်ကယ်၊ စက်ဘီးတွေကတော့ အိမ်တိုင်းစေ့ ရှိကြပါတယ်၊ စံအိပ်အထက်ပိုင်း ဗဟိုလမ်းမကြီးကတစ်ဆက်တည်း ပေနှစ်သောင်းကျော်ရှည်တော့ ဆိုင်ကယ်တွေနဲ့ အသွားအလာများပါတယ်၊ လမ်းလျှောက်ရင်တော့ တစ်နာရီ ကျော်ကျော် လျှောက်ရပါတယ်။ စံအိပ်နဲ့ အနီးဆုံးက ကျုံမငေးမြို့နဲ့ စံပြကျေးရွာ ပိတ္တာလေးပါ။ ဆက်သွယ်သွားလာရေး အဆင်ပြေပါတယ်”ဟု ရှင်းလင်းပြောပြသွားသည်။

စံအိပ်သည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အပြင် ဝင်ငွေတိုးပွား အကျိုးများသည့်နှမ်းစပါးကိုလည်းစိုက်ပျိုးကြသည်။ ရိတ်သိမ်းဆဲ စပါးနံ့ကလေးများ၏ဆင်းရနံ့မှာ လေယူရာသင်းတပျံ့ပျံ့မွှေးနေသည်။ အချို့လယ်ယာစိုက်ကွင်းတို့တွင် ရိတ်သိမ်းရန် ပြင်ဆင်နေဆဲရှိနေသည်။

သတင်းစကား

နှမ်းစပါးစိုက်ပျိုးသဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်လာသော စံအိပ်စံပြကျေးရွာမှ ထူးချွန် တောင်သူလယ်သမားများဖြစ်သော ဦးအောင်မင်း၊ ဦးဖိုးကံ၊ဦးငြိမ်း၊ ဦးအေးမြင့်၊ ဦးဝင်းခင်၊ ဦးမြသန်း၊ ဦးကျော်စိုးတို့နှင့် သတင်းအဖွဲ့တွေ့ဆုံဆွေးနွေးပြီး သူတို့က နှမ်းစပါးအကြောင်းသိကောင်းစရာများကို သတင်းစကား လက်ဆောင်ပါးကြသည်။

ထို့နောက် နှမ်းစပါး ထူးချွန်တောင်သူလယ်သမားဦးအောင်မင်း၏ ရိတ်သိမ်းရတော့မည့် မိုးစပါးစိုက်ခင်းသို့ သွားရောက်ကြပြီး ဦးအောင်မင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

အားပါးတရ

“ကျွန်တော်က အသက်၄၆နှစ်ပါ။လယ်လုပ်သက် နှစ်၂၀ ရှိပါပြီ။ ကျွန်တော်က နှမ်းစပါးကို နှစ်စဉ်စိုက်ပျိုးပါတယ်၊ ယခု နှမ်းစပါးရာသီမှာ နှမ်းစပါး ၁၀ဧက စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်၊ နှမ်းစပါးက သိပ်ကျေးဇူးကြီးပါတယ်။ နှမ်းစပါးအရသာကိုလည်း သိနေပါပြီ။ ကျွန်တော်ဆိုရင် နှမ်းစပါးစိုက်လို့ လူနေမှုအခြေမြင့်အသွင်တင့်လာတာပါ။နှမ်းစပါးကရတဲ့ငွေနဲ့ ရေစုပ်စက်တစ်လုံး၊စပါးတင်း၂၅၀ပါ၊ပန်းတနော်ချွန်းသင်္ဘောတစ်စင်း၊ လက်တွန်းထွန်စက်တစ်စင်းနဲ့ ကျွဲလေးကောင် ပိုင်ဆိုင်နေပါပြီ” ဟု သတင်းအဖွဲ့ကို အားပါးတရ ရှင်းပြသည်။

သတင်းအဖွဲ့မှာနှမ်းစပါးထူးချွန်လယ်သမားဦးအောင်မင်းနှင့်တွေ့ဆုံပြီးနောက် စံအိပ်ဗဟိုလမ်းမကြီးပေါ်သို့ လှမ်းတက်လိုက်ချိန်တွင် ဆိုင်ကယ်ကိုယ်စီဖြင့် ကျွန်းကြားမှ စံအိပ်သို့ရောက်ရှိလာသော လူငယ်ငါးဦးတို့က သတင်းအဖွဲ့နှင့် လာရောက်တွေ့ဆုံပြီး ကျေးရွာချင်းဆက် မြေသားလမ်းများ ရှိနေသဖြင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်အပြင် အချိန်မရွေး သွားလာနိုင်သဖြင့် ဒေသခံပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်ရပါကြောင်း ဆောင်းပါးထဲ ထည့်ရေးပေးပါရန် ဝိုင်းဝန်းပြောကြားကြသည်။

ခရီးဆက်

သတင်းအဖွဲ့က “ရပါတယ်ဗျာ၊ ဆက်ဆက်ထည့်ရေးပေးပါ့မယ်၊ စိတ်သာချ”ဟု ပြောကြားလိုက်သောအခါ ဆိုင်ကယ် ကိုယ်စီဖြင့် လူငယ်ငါးဦးတို့မှာ ပြုံးရွှင်သော မျက်နှာထားဖြင့် သတင်းအဖွဲ့ကို လက်ပြနှုတ်ဆက်ပြီး စံအိပ်မှသည် ပေါင်တိုကျေးရွာသို့ ခရီးဆက် ထွက်ခွာသွားကြသည်။

စံအိပ်မှပြန်ရန် ဟန်ပြင်တော့ ညနေ၆နာရီခွဲရှိပြီဖြစ်သည်။ ဆောင်းအအေးဓာတ်မှာ ယခုအချိန်ကျမှ ခေါင်းထောင် မင်းမူလာသည်။ တစိမ့်စိမ့် အေးလာသော အအေးဓာတ်မှာလည်း ရင်ထဲအထိ တိုးဝင်နေရာယူနေသည်။

စံအိပ်ကား အခြားကျေးရွာများနှင့်မတူ။ တစ်မူထူးခြား တိုးတက်လျက်ရှိရာ စံနမူနာယူဖွယ်စံအိပ်၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းစုံအား သတင်းခရီးသည် အဖြစ်ကွင်းဆင်းရေးသား ဖော်ပြလိုက်ပါသည်။ ။

ခြံစည်းရိုးများ စနစ်တကျ ကာရံထားပြီး သန့်ရှင်းသပ်ရပ်နေသည့် စံအိပ်ကျေးရွာ၏ ဗဟိုလမ်းမကြီးကို ဤသို့ တွေ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံအစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ မြန်မာနှင့်ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

အလားတူပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာက သဝဏ်လွှာပေးပို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွ လက်တွဲကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး မင်းသားမိုဟာမက်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကမ္ဘောဒီးယားဘုရင် ပရယ်ဘတ်ဆမ်ဒက်ပရယ်ဘိုရိုနစ်နိုရိုဒွန်အီဟာမိုနီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘောဒီးယားနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ ကမ္ဘောဒီးယား-မြန်မာဆက်ဆံရေးသည် ကာလရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။ **(မြန်မာ့အလင်း)**

သံအမတ်ကြီး ဦးလှမြင့်အား နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် သြစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလှမြင့်အား နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

"အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များ ၂၀၀၉"
၂၀၀၉-ခုနှစ် ဇန်နဝါရီလ (၁၁)ရက် (တနင်္ဂနွေ) (ပထမအကြိမ်)
၂၀၀၉-ခုနှစ် ဖေဖော်ဝါရီလ (၁၅)ရက် (တနင်္ဂနွေ) (ဒုတိယအကြိမ်)
အသက် ၅နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြပါစို့

အထက သုဝဏ္ဏ မြတ်ဆရာပူဇော်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက သုဝဏ္ဏကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီက ကွန်ပျူတာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ ကျင်းပရေးကော်မတီ နာယက ဦးလှတင်၊ ဒေါ်ရီရီမြင့်၊ ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးပိုင်၊ ဦးအေးနိုင်၊ ဒေါ်ယုယုစိန်၊ အတွင်းရေးမှူး ဦးသန်းထိုက်အေး၊ ဘဏ္ဍာရေးမှူး ဗိုလ်မှူးအောင်မြတ်(ငြိမ်း)နှင့် ကျင်းပရေးကော်မတီဝင်များ၊ အလှူရှင်ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌဦးမြင့်စိုး (ကီတိုဖိနပ်)မှ အာစရိယပူဇော်ပွဲပဒေသာပင်အတွက် လှူဒါန်းငွေကျပ်တစ်သိန်းနှင့် ဦးဇော်ဝင်း(ဘုရင့်နောင်ပွဲရုံ)မှ လှူဒါန်းငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များမှ လှူဒါန်းငွေများကို တာဝန်ရှိသူအသီးသီးမှ လက်ခံယူ၍**(အပေါ်ပုံ)** ကျေးဇူးတင်လွှာများကို ပြန်လည်ပေးအပ်ခဲ့ရာ ယနေ့အထိ ရရှိသောအလှူငွေပေါင်း ကျပ်သိန်း ၄၀ ရှိသည်။

ဖိတ်ကြား

သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အသက်(၆၀)ပြည့်ပြီးသော အငြိမ်းစား ဆရာ ဆရာမ ၁၃၁ဦး အား ဖိတ်ကြားထားသည်။

မိတ်ဆုံညစာစားပွဲကို အဆိုပါနေ့ညနေ ၆နာရီတွင် သုဝဏ္ဏစကိတ်ကွင်းရှိ (Eagle Garden Restaurant)၌ ကျင်းပမည်ဖြစ်ပြီး မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံ ညစာစားပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၀)ပြည့် နှစ်ပတ်လည်နှင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များဟောပြောပွဲ သုံးနှစ်ပြည့် အထိမ်းအမှတ် အထူးအစီအစဉ်အဖြစ် ကျင်းပမည့် ဟောပြောပွဲကို ဆွေးနွေးပွဲပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး TOYO Battery က ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၁၀ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်သည်။ ဆွေးနွေးမည့်ခေါင်းစဉ်မှာ ကမ္ဘာ့စီးပွားရေးအကျပ်အတည်း၏ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကိုစားပွဲဝိုင်းဆွေးနွေးပွဲပုံစံဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲ Facilitator အဖြစ် ဒေါက်တာနေဝင်းမောင် (CEO/Living Colour, The Voice Journal)က ဆောင်ရွက်မည်ဖြစ်ပြီး ပါဝင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များမှာ ဒေါက်တာဦးမြင့် (UN SeniorEconomist)၊ဒေါက်တာစိန်မောင် (ဥက္ကဋ္ဌ၊ ပထမ ပုဂ္ဂလိကဘဏ်)၊ ဦးတင်မောင်သန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)၊ စာရေးဆရာ ဦးခင်မောင်ညို(ဘောဂဗေဒ)နှင့် စာရေးဆရာ ဦးကိုကိုလှိုင်(နိုင်ငံတကာရေးရာ သုတေသီ)တို့ဖြစ်ကြ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝက်လက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၇

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ၁၀၆ မှတ်တိုင် အနီး MI CASA Hotel အနီး ဓမ္မစကြာရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ အသင်းသားများ၊ အသင်းသားအဖြစ်မဝင်ရသေးသူများပါ တက်ရောက်နိုင်ကြောင်း ဖိတ်ကြားထားသည်။ **(မြန်မာ့အလင်း)**

ရေကြောင်းအင်ဂျင်နီယာအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း(MMEA)က ကြီးမှူးကျင်းပသော အသင်းသား ရေကြောင်းအင်ဂျင်နီယာများ စုပေါင်း၍ ၂၀၀၈ ခုနှစ် နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို မြို့တော်မြကန်သာ ဂေါက်ကွင်း၌ ဇန်နဝါရီ ၁၀ရက် (စနေနေ့) နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မွန်၊ တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ လေပြင်းများကျရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၇

ဇန်နဝါရီ ၈ရက်(ယနေ့)ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်

ဇန်နဝါရီ ၈ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တိမ်အနည်းငယ်ဖြစ်ထွန်းမည်ဖြစ်သည်။

ဇန်နဝါရီ ၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

* *ကျော့ဖုံးမှ*

ယခုထုတ်လုပ်လိုက်သည့် စူပါကွန်ပျူတာကို တရုတ်နိုင်ငံ တီယန်ကျင်းမြို့အခြေစိုက် ဒေါင်းနင်းသတင်းလုပ်ငန်း ရှန်ဟိုင်း စူပါကွန်ပျူတာဌာနက သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

စူပါကွန်ပျူတာအနေဖြင့် မြေလျှင်လှုပ်မှုဆိုင်ရာ သတင်းအချက်အလက်များကို တစ်စက္ကန့်၏ အပုံတစ်သန်းခန့်အတွင်း အမြန်ဆုံးထုတ်ပြန်ပေးနိုင်သော စွမ်းရည်ရှိသည်။ ကွန်ပျူတာတစ်လုံး၏ စွမ်းဆောင်နိုင်သမျှသော စွမ်းရည်ထက် အဆပေါင်း ထရီလီယံ ၂၀၀ မျှကို ချက်ချင်းဆောင်ရွက်ပေးနိုင်သည်။

အခြေခံ

ဒေါင်းနင်း ၅၀၀၀အေ စူပါကွန်ပျူတာသည် ရှန်ဟိုင်းကွန်ပျူတာဌာန(အက်စ်အက်စ်စီ)မှ ထုတ်လုပ်ထားသော ၂၀၀၀မော်ဒယ် ကွန်ပျူတာကိုအခြေခံကာ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်ဟု ဒေါင်းနင်းသတင်းကော်ပိုရေးရှင်း၏ တီယန်ကျင်းအခြေစိုက် ဥက္ကဋ္ဌ လီကျန်က ပြောကြားသည်။

ဒေါင်းနင်း ၅၀၀၀အေ စူပါကွန်ပျူတာ၏ အောက်ခံအကျယ်အဝန်းမှာ ၇၅စတုရန်းမီတာရှိပြီး တစ်နာရီလျှင် ဓာတ်အား ၇၀၀ ကီလိုဝပ် အသုံးပြုကြောင်းသိရသည်။ လောလောဆယ်၌ ရှန်ဟိုင်းမြူနီစီပယ်အဖွဲ့နှင့် တရုတ်နိုင်ငံသိပ္ပံနှင့် နည်းပညာဆိုင်ရာ ဝန်ကြီးဌာနတို့က ဝယ်ယူအသုံးပြုလျက် ရှိနေပြီဖြစ်သည်။

ယခုထုတ်လုပ်လိုက်သည့် ဒေါင်းနင်း ၅၀၀၀အေ စူပါကွန်ပျူတာကို ရှစ်နှစ်တာ ကာလကြာမြင့်အောင် သုတေသနပြုထုတ်လုပ်ခဲ့ရသည်။ တန်ဖိုးမြင့်သော အေအမ်ဒီ ချစ်ပြားများကို ပြည်ပမှ မှာယူတင်သွင်းရသည်။ ဒေါင်းနင်း ၅၀၀၀အေ စူပါကွန်ပျူတာ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉သန်း ဖြစ်သည်။

ဈေးနှုန်း

ထိုဈေးနှုန်းမှာ အမေရိကန်နိုင်ငံ အိုင်ဘီအမ်ကုမ္ပဏီက ထုတ်လုပ်ထားသည့် စူပါကွန်ပျူတာထက် ဈေးနှုန်းသက်သာသည်။ အိုင်ဘီအမ်ကထုတ်လုပ်သည့် "Roadrunner" အမည်ရှိ စူပါကွန်ပျူတာမှာ အမေရိကန်ဒေါ်လာ သန်း၁၀၀ တန်ဖိုးရှိသည်။

အောင်မြင်စွာ ထုတ်လုပ်နိုင်

တရုတ်နိုင်ငံအနေဖြင့် ၁၉၈၅ ခုနှစ်က ပထမဆုံးအကြိမ် စူပါကွန်ပျူတာ ထုတ်လုပ်ခဲ့ဖူးသော်လည်း လက်ရှိအခြေအနေ၌ ယင်းထက်အဆပေါင်းများစွာ စွမ်းရည်မြင့်မားသော စူပါကွန်ပျူတာ ဒေါင်းနန်းကို တရုတ်ပညာရှင်များက အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ ။ **(အင်တာနက်)**

● ရှေ့ဖုံးမှ

အလားတူ မိမိတို့နိုင်ငံ၏ နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါရည်မှန်း၍ ပြည်နယ်နှင့် တိုင်းအလိုက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ပိုမိုတိုးတက်စိုက်ပျိုးလျက် ရှိပေသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်း၌လည်း ဒေသနှင့်ကိုက်ညီသည့် ဆီထွက်သီးနှံ ဆီမုန်လာနှင့် ဆီမုန်ညင်းတို့ကို စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

တစ်ဧက ဆီထွက်နှုန်း

ဆီမုန်လာသည် တစ်ဧကအထွက်နှုန်း ၁၀တင်းမှ ၁၂တင်းအထိ ထွက်ရှိပြီး တစ်တင်းလျှင် ဆီထွက်နှုန်း ငါးပိဿာမှ ခြောက်ပိဿာခန့်ထွက်ရှိကာ တစ်ဧက ဆီထွက်နှုန်း ပိဿာ ၄၀မှ ၆၀ ခန့်ရရှိနိုင်ကြောင်း သိရသည်။

အရည်အသွေးအားဖြင့်လည်း မြေပဲဆီကဲ့သို့ စားသုံးနိုင်ပြီး ခါးစပ်ခြင်းမရှိချေ။ ထူးခြားချက်အနေဖြင့် အကြော် တာရှည်ခံပြီး နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်နိုင်ကြောင်း၊ ရာသီဥတုအအေးဒဏ်ကြောင့် ဆီများခဲသွားခြင်းမရှိကြောင်း သိရသည်။

အသင့်တော်ဆုံး

မျိုးရင်းမှာ မုန်ညင်းဖြစ်ပြီး ကြိုက်နှစ်သက်သော မြေအမျိုးအစားမှာ မြေစေးသမ၊ နုန်းသမမြေမျိုးဖြစ်ကာ စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်သည်။

ပန်းနှမ်းဆီ၊ ဆီမုန်လာဆီ၊ ဆီမုန်ညင်းဆီတို့ကို ပြသထားစဉ်။ (သတင်းစဉ်)

တစ်ဧကလျှင် မျိုးစေ့သုံးပြည်မှ လေးပြည်နှုန်း စိုက်ပျိုးရပြီး တစ်ပင်လျှင် အသီးကိုင်း လေးကိုင်းမှ ငါးကိုင်း၊ အသီးတောင့် ၆၀ မှ ၇၀ သီးကြောင်း သိရသည်။

ဆီမုန်လာ တစ်ဧကကုန်ကျစရိတ်အနေဖြင့်မူ စိုက်ကွက်ရှင်းခြင်း၊ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်း၊ မျိုးစေ့ကြဲပက်ခြင်း၊ မျိုးစေ့ဖိုး၊ နွားချေး၊ ကွန်ပေါင်းမြေဩဇာ၊ ရိတ်သိမ်းခြင်းနှင့် ခြွေလှေ့သန့်စင်ခြင်းအပါအဝင် စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် ၉၀၀၀၀ ရှိမည် ဖြစ်သည်။

အကျိုးအမြတ်

အကျိုးအမြတ်အားဖြင့် ပျမ်းမျှအထွက်နှုန်း ၁၀တင်းကို တစ်တင်းပေါက်ဈေး ငွေကျပ် ၂၄၀၀၀ဖြင့်တွက်လျှင် တစ်ဧက စုစုပေါင်းငွေကျပ် ၂၄၀၀၀၀ ဖြစ်သည်။ သို့ဖြစ်၍ တစ်ဧက အမြတ်ငွေ ကျပ် ၁၅၀၀၀၀ ရရှိနိုင်သည်။

ဆီမုန်ညင်းနှင့် ဆီမုန်လာတို့၏ မူရင်းဒေသကို အတိအကျမသိရသော်လည်း အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ တူရကီနှင့် အီရတ်နိုင်ငံတို့မှ ဖြစ်နိုင်ကြောင်း ပညာရှင်အချို့က ခန့်မှန်းခဲ့ကြသည်။ ဘီစီ ၂၀၀၀ ခန့်မှစ၍ အိန္ဒိယ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့၌ စိုက်ပျိုးခဲ့ကြပြီး အနောက်နိုင်ငံများက ဥကိုလည်းကောင်း၊ အရှေ့နိုင်ငံများက အရွက်ကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံက ဆီကိုလည်းကောင်း အဓိက စားသုံးကြသည်။

အသုံးပြု

ဆီမုန်ညင်းနှင့် ဆီမုန်လာတို့မှ ထွက်ရှိသောဆီကို လူများစားသုံးပြီး ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်၊ မြေဩဇာအဖြစ် အသုံးပြုနိုင်ပေသည်။ မုန်ညင်းစေ့မှ အားဆေး၊ ဆီးရွှင်ဆေး၊ အန်စေသောဆေး၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများအတွက် အသုံးပြုသောဆေးနှင့် ဟင်းခတ်အမွှေးအကြိုင်၊ သရက်သီးသနပ်များတွင် အသုံးပြုကြသည်။

ဒေသတွင်း ဆီမုန်ညင်းနှင့် ဆီမုန်လာများ ပိုမိုအောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံးတို့က ဆီမုန်လာနှင့် ဆီမုန်ညင်းစိုက်ပျိုးနည်း လက်ကမ်းကြော်ငြာများကို ဒေသခံတောင်သူများထံ ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်း လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရှာဖွေဖော်ထုတ်

သို့ဖြစ်ရကား စားနပ်ရိက္ခာ ဈေးနှုန်းကြီးမြင့်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံအသီးသီး၏ ယနေ့ ကမ္ဘာမြေဝယ် မြေကြီးမှ ရွှေသီးသော မိမိတို့နိုင်ငံ၏ ရေမြေသယံဇာတ အရင်းအမြစ်ပေါကြွယ်ဝမှုတန်ဖိုးကို တောင်သူတိုင်း နားလည်သိရှိ သဘောပေါက်ကာ မြေလွတ်မြေရိုင်းမှန်သမျှ အကျိုးရှိစွာ ရှာဖွေဖော်ထုတ်အသုံးပြု၍ မိမိ မိသားစု၊ မိမိဒေသ၊ မိမိနိုင်ငံအတွက် စိုက်ကြ၊ မွေးကြ၊ ကြိုးပမ်းကြဟူ၍ တိုက်တွန်းရေးသားလိုက်ရပါသည်။ ॥

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁)မူလတန်းလွန်ကျောင်းပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ စတုတ္ထတန်း မြို့နယ်အဆင့် စာပေထူးချွန် ပထမဆုရ မသင်းသီရိအောင်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲရက် ပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ဆေးတက္ကသိုလ်(၂) ရန်ကုန် ၁၉၇၆-၁၉၈၂၊ ၁၉၇၉-၁၉၈၄၊ ၁၉၈၀-၁၉၈၅ ဆေးကျောင်းသား ကျောင်းသူများက ကြီးမှူး၍ အာစရိယပူဇော်ပွဲကို မူလသတ်မှတ်ထားသည့် ဆရာဝန်အသင်းခန်းမဆောင်၌ ဇန်နဝါရီ ၃၁ရက်အစား ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီသို့ ပြောင်းရွှေ့သတ်မှတ်လိုက်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဒေါက်တာခိုင်စိုးဝင်း ဖုန်း-၀၉-၅၁-၃၇၆၉၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မန္တလေးဈေးချိုတော် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော၊ လက်တွေ့သရုပ်ပြ လေ့ကျင့်

မန္တလေး ဇန်နဝါရီ ၇

ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေး ဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊သရုပ်ပြသခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို မန္တလေးတိုင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၈ရက် နံနက်က အဆင့်မြင့် ဈေးချိုတော်သို့ သွားရောက်စစ်ဆေးကြသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ တိုင်း မီးသတ်ဦးစီးမှူးသည် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုး၊ မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလှမောင်၊ အတွင်းရေးမှူး ဦးဖိုလ်မင်းနှင့် ကော်မတီဝင်များဖြင့် ဈေးချို အကျိုးတော်ဆောင်ရုံးခန်းတွင် ဈေးနှင့် သားသတ်ဌာန၊ ဌာနခွဲမှူး ဦးသက်နိုင်၊ ဈေးအကျိုးဆောင် ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် ကော်မတီဝင်များ၊ ဈေးချို မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး အောင်ကြီး၊ တပ်စုမှူး ဝင်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများနှင့် တွေ့ဆုံ၍ တိုင်းမီးသတ်ဦးစီးမှူး ဦးတင်မင်းက ဈေးချိုတော် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရန်နှင့် ရှောင်ရန်ကိစ္စများ ဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**

စစ်ဆေး

ထို့နောက် ဈေးချိုတော်အတွင်း သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးဖိုမီး၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင် သုံးစွဲထားမှုများ၊ မီးသတ်ရေကန်၊ ရေငုတ်များ၊ ဈေးဆိုင်များ အခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

သရုပ်ပြ

ယင်းနောက် ဈေးချိုတော် အနောက်တောင်ထောင့် ကွက်လပ်တွင် အရေးပေါ် မီးလောင်နိုင်သော လျှပ်စစ်ဝိုင်ယာရှော့ဖြစ်မီး၊ ရိုးရိုးမီး၊ ဆီမီးများကို သက်ဆိုင်ရာ မီးသတ်ဆေးဘူးများဖြင့် တစ်ဦးချင်း လက်ဦးမှုဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းကို ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးက ရှင်းလင်းပြီး လက်တွေ့သရုပ်ပြခဲ့သည်။ (ဝ၉၀)

မီးလောင်ကျွမ်းမှု၌ စွမ်းစွမ်းတမံမီးငြိမ်းသတ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များအား တာမွေ၌ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုတွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၈နာရီတွင် တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ **(အပေါ်ပုံ)** ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်က ဒီဇင်ဘာ ၁၄ရက်တွင် ယုဇနပလာဇာ မီးလောင်မှု၌ မီးသတ်တပ်ဖွဲ့ဝင်များက ရဲဝံ့စွန့်စားစွာ အချိန်မီ မီးငြိမ်းသတ်ခဲ့ပုံများကို ပြောကြားပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(အောက်မြန်မာပြည်)က ဂုဏ်ပြုအမှာစကား ပြောကြားကာ ဂုဏ်ပြုလက်မှတ်များ ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျိုးဆက်သစ်လူငယ် ကရာတေးဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်လူငယ် ကရာတေးဒိုပြိုင်ပွဲကို ဇန်နဝါရီ၄ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒို အားကစားလေ့ကျင့်ရေး ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များ၊ ကရာတေးဒို အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ သက်တန်းနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ပြိုင်ပွဲများတွင် ဆုရရှိကြသော မျိုးဆက်သစ်လူငယ် ကရာတေးဒို အားကစားသမားများအား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်များက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်း **(အောက်ပုံ)**က အမျိုးသား အသက် ၁၅နှစ်အောက် (JKA)ကုမိတဲ့ပြိုင်ပွဲတွင် ပထမရရှိသော ရဲမာန်ဦး၊ ဒုတိယရရှိသော ကျော်တင့်လွင်၊ တတိယ ရရှိကြသော အောင်ပြည့်ဖြိုးနှင့် စောမောင်မောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အမျိုးသား(OPEN JKA) ကုမိတဲ့ပြိုင်ပွဲတွင် ပထမရရှိသော အောင်ခန့်၊ ဒုတိယရရှိသော သက်ထွဋ်ဦး၊ တတိယရရှိကြသော ကျော်ကျော်ထွန်းနှင့် အောင်ခိုင်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၇

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီက သင်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကားပြောကြားပြီး တစ်နှစ်မှ နှစ်နှစ်အရွယ် ပြိုင်ပွဲအား ပထမ၊ ဒုတိယ၊ တတိယဆုရ ကလေးငယ်များအား ဆုများ ချီးမြှင့်သည်။

ထို့နောက် ကျန်အဖွဲ့ဝင်များက အသက်အပိုင်းအခြားအလိုက် ဆုရရှိသူ ကလေးများ၊ နှစ်မြွှာပူး၊ သုံးမြွှာပူးနှင့် သားကောင်းမိခင်ပြိုင်ပွဲမှ ဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်ကြသည်။ (၁၂၁)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွက်

(၁၁-၁-၂၀၀၉)ရက်နေ့

နှင့်

(၂၅-၁-၂၀၀၉)ရက်နေ့

မီး

အစဉ်သတိပြု

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် **ဒေါ်ဥမ္မာမြင့်(ခ) ဒေါ်ဟန်နီဦး** (မန်နေဂျင်းဒါရိုက်တာ) (**သုခစုစံ** ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ) အား သုဓမ္မသိင်္ဂီဘွဲ့ချီးမြှင့်ပေးအပ်သည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သုခစုစံ (ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ)
နိုင်ငံတကာ အသိအမှတ်ပြု(ITE) လက်မှတ်ရ
စက်မှု၊လက်မှု သင်တန်းကျောင်း ဆရာများ
အမှတ်၁၁၅၊ မြနန္ဒာလမ်း၊ သာကေတ စက်မှုဇုန်။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် သုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသည့် **ဦးစိုးနိုင် (အုပ်ချုပ်မှုဒါရိုက်တာ၊ အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ)** အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်အပ်ပါသည်။

ချစ်ဇနီး - ဒေါ်အေးအေးခိုင်
(အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ)

ချစ်သမီး - မယမင်းကေခိုင်(အထက-၈၊မန္တလေး)
- မမျိုးမြတ်မြတ်စိုး(အမက-၃၀၊မန္တလေး)။

မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ ကမ္ဘောဇနှင့်ဆောက်လုပ်ရေးတို့နိုင်ပွဲစတင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၈-၂၀၀၉ဘောလုံးရာသီမြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲကို ယနေ့ညနေ၃နာရီက အောင်ဆန်းအားကစားကွင်းနဲ့ သုဝဏ္ဏကွင်းတို့မှာ ဆက်လက်ပြုလုပ်ခဲ့ပါတယ်။ နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားကြတဲ့ ကမ္ဘောဇနဲ့ ဆောက်လုပ်ရေးအသင်းတို့ နိုင်ပွဲများစတင်ရရှိခဲ့ပါတယ်။

(အောင်ဆန်းကွင်း)

ကမ္ဘောဇ - နှစ်ဂိုး
လယ်ယာ/ဆည်မြောင်း - တစ်ဂိုး

နှစ်ပွဲဆက် နိုင်ပွဲပျောက်ထားတဲ့ ကမ္ဘောဇအသင်းကတော့ လယ်ယာ/ဆည်မြောင်းကို အနိုင်ယူပြီး နိုင်ပွဲစတင်ရရှိသွားပါတယ်။ ကမ္ဘောဇအသင်း နိုင်ပွဲစတင်ရရှိခဲ့တယ်ဆိုပေမယ့် ခြေစွမ်းကတော့ အရင်နှစ်အမှတ်ပေးပြိုင်ပွဲ ခြေစွမ်းကို မမီသေးပါဘူး။ လယ်ယာ/ဆည်မြောင်းအသင်းကလည်း နိုင်ပွဲပြန်ရဖို့ကြိုးစားခဲ့ပေမယ့် အချည်းနှီးသာ ဖြစ်ခဲ့ပါတယ်။ ဒီပွဲအရှုံးရလဒ်ကြောင့် လယ်ယာ/ဆည်မြောင်းအသင်းဟာ တန်းဆင်းဇုန်ထဲကနေ ရုန်းမထွက်နိုင်သေးပါဘူး။

မနားတမ်းကန်သွင်း

ဟန်ဝင်းအောင်၊ အောင်မိုး၊ စိုးမင်းဦး၊ ကျော်သီဟတို့နဲ့လူစုံထုတ်ခဲ့တဲ့ ကမ္ဘောဇအသင်းဟာ ပွဲစကတည်းက လယ်ယာ/ဆည်မြောင်းဘက်ကို ဖိအားပေးခဲ့ပြီး ကိုးမိနစ်မှာပဲ ဂိုးစတင်ရရှိခဲ့ပါတယ်။ ကမ္ဘောဇအတွက်ဖွင့်ဆော်ဦးဂိုးကို ယခုနှစ်ရာသီအစမှာ မြို့တော်စည်ပင်ကနေ ပြောင်းရွှေ့လာတဲ့ တိုက်စစ်မှူးစိုးမင်းဦးက သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ကမ္ဘောဇအသင်း အချိတ်အဆက်တွေလွဲလာလို့ လယ်ယာ/ဆည်မြောင်း ပြန်ဖိလာနိုင်ပါတယ်။ လယ်ယာ/ဆည်မြောင်း တိုက်စစ်မှူးတွေဖြစ်တဲ့ တင်အောင်မိုးနဲ့ သူရခိုင်ကျော်အတွဲက ကမ္ဘောဇနောက်တန်းကို မကျော်နိုင်ခဲ့ပါဘူး။ ၃၉မိနစ်မှာတော့ ကမ္ဘောဇအသင်း ဒုတိယဂိုးထပ်ရသွားပြီး ဘယ်ခြမ်းက ဉာဏလွင် ဖြတ်ပို့တာကို နေဇော်ထက်က မနားတမ်းကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

သုံးမှတ်အပြည့်

ဒုတိယပိုင်းမှာတော့ လယ်ယာ/ဆည်မြောင်းအသင်းဟာ အရှုံးဂိုးတွေ ချေပနိုင်ဖို့အတွက်ကစားအားမြှင့်လာခဲ့ပါတယ်။ ပထမပိုင်းမှာ နောက်တန်းက ကစားခဲ့တဲ့ လက်ရွေးစင်ကစားသမားခင်မောင်လွင် ရှေ့တန်းတက်ကစားလို့ လယ်ယာ/ဆည်မြောင်းတိုက်စစ်အား ပိုကောင်းလာပါတယ်။ နောက်တန်းမှာ နှစ်ယောက်ပဲထားပြီး တိုက်စစ်မှာ ရှစ်ယောက်အထိ အားဖြည့်ကစားခဲ့တဲ့ လယ်ယာ/ဆည်မြောင်း အသင်းတိုက်စစ်ဟာ ကမ္ဘောဇနောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ၇၉ မိနစ်မှာ ချေပဂိုးတစ်ဂိုး ပြန်လည်ရရှိသွားပါတယ်။ အသင်းခေါင်းဆောင် ခင်မောင်လွင် အလယ်ကျောကနေ ထိုးပေးတာကို တင်အောင်မိုးက ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီ နောက်ပိုင်းမှာတော့ ပွဲဟာအပြန်အလှန် ရှိလာခဲ့ပါတယ်။ ကမ္ဘောဇအသင်းကတော့ အနိုင်ကို ထိန်းကစားနိုင်ခဲ့တာကြောင့် သုံးမှတ်အပြည့်ရရှိခဲ့ပါတယ်။

သုဝဏ္ဏကွင်း

ဆောက်လုပ်ရေး - နှစ်ဂိုး
ဆက်သွယ်ရေး - တစ်ဂိုး

ဆောက်လုပ်ရေးအသင်းကတော့ ဆက်သွယ်ရေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နိုင်ပွဲစတင်ခဲ့ပေမယ့် ဆက်သွယ်ရေးအသင်းကတော့ သုံးပွဲဆက်တိုက်အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဆောက်လုပ်ရေးအသင်းကတော့ အခုပွဲမတိုင်ခင်က မြို့တော်စည်ပင်နဲ့ သရေ၊ စီးပွား/ကူးသန်းကို ရှုံးနိမ့်ထားတာဖြစ်ပြီး ဆက်သွယ်ရေးအသင်းကတော့ ဘဏ္ဍာ/အခွန်၊ ပြည်ထဲရေးတို့ကို ရှုံးနိမ့်ထားတာ ဖြစ်ပါတယ်။

ဒီနေ့ပွဲအပြီးမှာ ဆောက်လုပ်ရေးအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်နဲ့ ကမ္ဘောဇအသင်းက သုံးပွဲကစား လေးမှတ် ရရှိထားကြပြီး လယ်ယာ/ဆည်မြောင်းနှင့် ဆက်သွယ်ရေးအသင်းတို့ကတော့ သုံးပွဲကစား သုံးပွဲရှုံးနဲ့ အမှတ်ပေးဇယား အောက်ဆုံးကိုရောက်ရှိနေပါတယ်။

ယနေ့ပွဲ
အောင်ဆန်းကွင်း
ကာကွယ်ရေးဝန်ကြီးဌာန-မြန်မာ့မီးရထား
သုဝဏ္ဏကွင်း
စီးပွား/ကူးသန်း-သစ်တောရေးရာ။ (မြန်မာ့အလင်း)

အကြိတ်အနယ် ယှဉ်ပြိုင်

ကမ္ဘောဇ အသင်းနှင့် လယ်/ဆည်တို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

(မြန်မာ့အလင်း)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော **ဒေါ်စန်းစန်းမော် (ဒါရိုက်တာ စံပြရွှေငါးကုမ္ပဏီလီမိတက်)**အား အထူး လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

စံပြရွှေငါးကုမ္ပဏီဝန်ထမ်းများ။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၇

(၉)ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဇန်နဝါရီ၅ရက်မွန်းလွဲပိုင်းက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ရာ အမျိုးသားဗိုလ်လုပွဲတွင် ကာကွယ်ရေး(က)အသင်းက ပြည်ထဲရေး(က)အသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီး ဗိုလ်လုပွဲတွင် ပို့ဆောင်ရေး(က)အသင်းက ပို့ဆောင်ရေး(ခ)အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲသွားကြသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ ကာကွယ်ရေး(က)အသင်းက ပထမ၊ ပြည်ထဲရေး(က)အသင်းက ဒုတိယ၊ လဝကအသင်းက တတိယ၊ အကောင်းဆုံးဆု ကျော်ရွှေ(ကာကွယ်ရေး)၊ အမျိုးသမီးပြိုင်ပွဲ၌ ပို့ဆောင်ရေး(က)အသင်းက ပထမ၊ ပို့ဆောင်ရေး(ခ)အသင်းက ဒုတိယ၊ ကာကွယ်ရေးအသင်းက တတိယနှင့် အကောင်းဆုံးဆု အင်စွမ်း (ပို့ဆောင်ရေး)တို့က ရရှိခဲ့ကြသည်၊ ဆုကြေးများအဖြစ် ပထမ ဆုဖလားနှင့် ကျပ်သုံးသိန်း ၊ ဒုတိယ ကျပ် နှစ်သိန်း၊ တတိယ ကျပ်တစ်သိန်း၊ အကောင်းဆုံးဆု ကျပ်နှစ်သောင်းတို့ ချီးမြှင့်ခဲ့ပြီး ဆုများကို အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ရက်မှ ဇန်နဝါရီ ၅ရက်အထိ ကျင်းပခဲ့ပြီး အမျိုးသားခုနစ်သင်း၊ အမျိုးသမီးငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ပြီး လမ်းတစ်လမ်းဖြစ်သော ရုံးတော်ရပ်ကွက် ဓမ္မစေတီလမ်း ကတ္တရာလမ်းဖြတ် ရေမြောင်းအတွင်းကွန်ကရစ်ပိုက်ရေပြွန်ချခြင်းလုပ်ငန်းကို အဖွဲ့အငယ်တန်းအင်ဂျင်နီယာ (၂) ဦးထွန်းထွန်းဝင်း ဆောင်ရွက်ရာ၌ ဇန်နဝါရီ ၆ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးနိုင်ဦး၊ အင်ဂျင်နီယာမှူးဦးမြင့်စိုးတို့က လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးအုံးချိန်(ငြိမ်း)၊ ဦးစိုးမြင့် (စက်ရုံမှူး၊ ကျွန်းချောင်းဓာတ်မြေဩဇာစက်ရုံ(ငြိမ်း)တို့နှင့်အတူ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ငွေသော်တာ ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၇

ဦးဝင်းငွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇန်နဝါရီ ၁ရက် မွန်းလွဲ၂နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်၇၌ ၁၄၃ ကိုက်အကွာမှ Tour Special -3 ဘောလုံးကို Iron 8 Katana M-3 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးမင်းစိန်၊ ဦးအေးမင်းနှင့် ဦးရဲမြင့်ဖေတို့ အတူကစားလျက်ရှိကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချယ်လ်ဆီးက စီဆင်ဟိုကို ခေါ်ယူရန်ကြိုးစားမည်

ရောမ ဇန်နဝါရီ ၇

ဘရာဇီးနှင့် ရိုးမားတိုက်စစ်မှူး စီဆင်ဟိုအား ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် ကြိုးစားသွားမည် ဖြစ်ကြောင်း ချယ်လ်ဆီး ကလပ်က ထုတ်ဖော် ပြောကြားသည်။

စိတ်မဝင်စား

သို့သော်လည်း စီဆင်ဟို အနေဖြင့် ရိုးမား အသင်း၌သာ ကစား လိုကြောင်း၊ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားမှု မရှိကြောင်း၊ မိမိ၏ ဘောလုံးသမားဘဝ အနာဂတ်သည် ရိုးမားအသင်း၌သာ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း စီဆင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

(အင်တာနက်)

စူပါစီးရီးမာစတာကြက်တောင်ရိုက်ပြိုင်ပွဲ ပီတာဂိတ်ဗိုလ်စွဲ



ကွာလာလမ်ပူ ဇန်နဝါရီ ၇

မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့၌ ဇန်နဝါရီ ၅ရက်က ကျင်းပသည့် စူပါစီးရီးမာစတာကြက်တောင်ရိုက်တစ်ဦးချင်းပြိုင်ပွဲတွင် ဒိန်းမတ် ကြက်တောင်ရိုက်အားကစားသမား ပီတာဂိတ်က ဗိုလ်စွဲသွားသည်။

ဆုဖလားဆွတ်ခူး

ပီတာဂိတ်သည် နောက်ဆုံး ဗိုလ်လုပွဲ၌ အင်ဒိုနီးရှား ကြက်တောင်ရိုက် ကစားသမား ကွန်ကိုရိုအား ၂၁-၁၀၊ ၂၁-၁၀ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိကာ ဆုဖလားဆွတ်ခူးသွားခြင်းဖြစ်သည်။ ၂၀၀၉ခုနှစ်အတွက် အဓိကပြိုင်ပွဲကြီးများ၌ အောင်မြင်မှုရရှိစေမည့် တွန်းအားတစ်ရပ်ဖြစ်ကြောင်း ပီတာဂိတ်က ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာမာရသွန်ပွဲ တရုတ်အပြေးမယ်ဗိုလ်စွဲ

ပေကျင်း ဇန်နဝါရီ ၇

တရုတ် နိုင်ငံ စီကျာမင် မြို့၌ ဇန်နဝါရီ ၅ရက်က ကျင်းပသည့် (၇) ကြိမ်မြောက် နိုင်ငံတကာ အမျိုးသမီး မာရသွန် ဖိတ်ခေါ်အပြေး ပြိုင်ပွဲတွင် တရုတ် အပြေးမယ် ချန်ရှုန်က အနိုင်ရဗိုလ်စွဲခဲ့သည်။

တရုတ်မာရသွန် အပြေးမယ် ချန်ရှုန်သည် အဆိုပါပြိုင်ပွဲတွင် ၂နာရီ ၂၉မိနစ် ၅၂ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ချန်ရှုန်သည် ၂၀၀၉ခုနှစ် နိုင်ငံတကာအဆင့်ပြိုင် အားကစားပြိုင်ပွဲ၌ တရုတ်နိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

မန်ယူမှ ထွက်ခွာတော့မယ့် တီဗက်ဇ်

✎ မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❖ သောင်းရွှေ-စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၇

အာဂျင်တီးနားနဲ့ မန်ယူတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ဟာ ဒီနှစ်ဘောလုံးရာသီကုန်ရင် မန်ယူအသင်းကနေ ထွက်ခွာတော့မယ်လို့ ပြောကြားလိုက်ပြီဖြစ်ပါတယ်။ တီဗက်ဇ်ကို ခေါ်ယူလိုတဲ့ ကလပ်အသင်းတွေကလည်း အပြိုင်အဆိုင်ဖြစ်နေတာမို့ တီဗက်ဇ်အနေနဲ့ ရွေးချယ်ပြောင်းရွှေ့ဖို့ အခုအချိန်ကတည်းက ပြင်ဆင်နေပြီလို့ ဆိုပါတယ်။

ရီးရဲမက်ဒရစ်က ခေါ်ယူလိုသည့် တီဗက်ဇ်

အသက် ၂၄နှစ်အရွယ်သာရှိသေးတဲ့ တီဗက်ဇ်နဲ့မန်ယူတို့ရဲ့ စာချုပ်သက်တမ်းဟာ ဒီနှစ်ဘောလုံးရာသီအကုန်မှာ ပြီးဆုံးပြီဖြစ်တာမို့ မန်ယူကလည်း သက်တမ်းတိုးစာချုပ်ဖို့ တစ်စုံတစ်ရာ ဖွင့်ဟစကားမဆိုတာကြောင့် တီဗက်ဇ်အနေနဲ့ အခုလိုဆုံးဖြတ်ရခြင်းဖြစ်တယ်လို့ တီဗက်ဇ်ရဲ့ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့ပါတယ်။

တုံ့ပြန်မှုမလုပ်ခဲ့

တကယ်တော့ တီဗက်ဇ်ဟာ မန်ယူအသင်းမှာပဲ ဆက်လက်ကစားလိုတဲ့ ဆန္ဒရှိနေပြီး မန်ယူမှာဆက်လက်ကစားဖို့ တောင်းဆိုခဲ့ပေမယ့် မန်ယူနည်းပြကြီး ဖာဂူဆန်နဲ့တကွ အမှုဆောင်တွေအားလုံးက တုံ့ပြန်မှုမလုပ်ခဲ့လို့ စိတ်ထိခိုက်မှုဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ရာသီထက်ဝက်ကုန်ချိန်ရောက်တိုင်း မန်ယူကလပ်မှာ စာချုပ်သက်တမ်း ပြည့်တော့မယ့် လက်ရှိကစားသမားတွေကို ဆက်လက်စာချုပ်သက်တမ်းတိုးဖို့ ဆောင်ရွက်တဲ့ အစဉ်အလာရှိပါတယ်။

ကြေကွဲခဲ့ရ

အခုတော့ ဒီနှစ်ရာသီထက်ဝက်ကုန်ချိန်မှာ မန်ယူက နဗီးလ်နဲ့ ပတ်ဂျီဆန်တို့ အပါအဝင် ကစားသမား အတော်များများကို စာချုပ်သက်တမ်း တိုးခဲ့ပေမယ့် တီဗက်ဇ်တစ်ဦးတည်းကို ချန်လှပ်ထားတာမို့ စိတ်ထဲမှာ ကြေကွဲခဲ့ရတယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့် ရာသီကုန်ချိန်မှာ မန်ယူကလပ်က ထွက်ခွာတော့မယ်လို့ ဆုံးဖြတ်လိုက်ခြင်းလည်း ဖြစ်ပါတယ်။

တီဗက်ဇ်ကို စပိန်ကလပ် ရီးရဲမက်ဒရစ်ကလည်း ငါးနှစ်စာချုပ်နဲ့ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ တီဗက်ဇ်ကို ဒီနှစ်ဘောလုံးရာသီအစမှာကတည်းက ရီးရဲမက်ဒရစ်က ချဉ်းကပ်နေတာဖြစ်ပြီး တစ်ပတ်လုပ်ခလစာပေါင် ၁၅၀၀၀၀ပေးမယ်လို့ ဆိုထားပါတယ်။

ဒါပေမယ့် တီဗက်ဇ်ရဲ့ စိတ်အရင်းခံက မန်ယူမှာပဲ ကစားလိုတဲ့ ဆန္ဒပြင်းပြနေပြီး မန်ယူကလပ်ကသာ ဆက်လက်ကစားခွင့်ပြုမယ်ဆိုရင် လုပ်ခလစာ မတိုးပေးလည်း ကစားမှာဖြစ်တယ်လို့ ပြောကြားနေပါတယ်။

တီဗက်ဇ်ရဲ့ ဘောလုံးသမားဘဝကိုကြည့်ရင် အခုချိန်အထိ ကလပ်ပွဲပေါင်း ၁၇၀ ကစားခဲ့ပြီး ဂိုးပေါင်း ၈၃ဂိုး သွင်းယူထားနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ မိခင်အာဂျင်တီးနားအသင်းအတွက် ပွဲပေါင်း ၄၀ ကစားပေးထားပြီး ခုနစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့ပါတယ်။

တာဝန်ကျေ

လက်ရှိ မန်ယူကလပ်မှာ ပွဲပေါင်း ၇၄ပွဲ ကစားပေးခဲ့ပြီး ၂၇ဂိုး သွင်းယူပေးထားနိုင်သူဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ မန်ယူအတွက် ၂၆ပွဲကစားပေးထားပြီး ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာမို့ တာဝန်ကျေတဲ့ တိုက်စစ်မှူးတစ်ဦးလို့ ပြောရင်လဲရပါတယ်။

ပြီးခဲ့တဲ့နှစ်က မန်ယူအတွက် စုစုပေါင်း ၄၈ပွဲကစားပေးခဲ့ပြီး ၁၉ဂိုးသွင်းယူပေး နိုင်ခဲ့တဲ့နေရာမှာ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ ၁၄ဂိုး၊ အက်ဖ်အေပွဲစဉ်တွေမှာ တစ်ဂိုးနဲ့ ချန်ပီယံလိဂ်နဲ့ အခြားပွဲစဉ်တွေမှာ ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

ခြေစွမ်းပျောက်

ဒီလိုခြေစွမ်းပြ ဂိုးတွေသွင်းယူနိုင်နေပေမယ့် တီဗက်ဇ်ဟာ အရေးကြီးတဲ့ပွဲစဉ်တွေမှာ ပြိုင်ဘက်ကောင်း အသင်းတွေနဲ့ ကစားရတဲ့ပွဲတိုင်း ခြေစွမ်းပျောက်နေတတ်တယ်လို့ နည်းပြ ဖာဂူဆန်က သုံးသပ်ထားပါတယ်။ အင်အားပြည့် ထိုးဖောက်ကစားတတ်ပေမယ့် ဘောလုံးလေလွင့်ဆုံးရှုံးမှုများတယ်လို့ ဆိုနေပါတယ်။

အရည်အချင်းရှိ

ဒါပေမယ့် တီဗက်ဇ်ဟာ တိုက်စစ်မှူးကောင်း တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတော့ ရှိတယ်လို့ ပြောကြားပါတယ်။ တီဗက်ဇ်ဟာ ငယ်ရွယ်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တာမို့ ခေါ်ယူလိုတဲ့ ထိပ်တန်းကလပ်တွေကတော့ အများကြီးပါပဲ။ ဒီအထဲက ဘယ်ကလပ်အသင်းကို ရောက်ရှိသွားမယ်ဆိုတာကတော့ လာမယ့်ရာသီကုန်ချိန်မှာ အဖြေထွက်လာမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တောင်ကိုရီးယားရေကူးသမား ရွှေတံဆိပ်ယူမည်

ဆိုးလ် ဇန်နဝါရီ ၇

အိုလံပစ် မီတာ ၄၀၀ရေကူးရွှေတံဆိပ်ရှင် တောင်ကိုရီးယား ရေကူးသမား ပက်တေဝမ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း၌ ရေကူးလေ့ကျင့်မှုများ ဇန်နဝါရီ ၆ရက်က စတင်ပြုလုပ်သည်။ မကြာမီ ကျင်းပတော့မည့် ကမ္ဘာ့ရေကူးပြိုင်ပွဲ၌ မီတာ၁၅၀၀နှင့် မီတာ၄၀၀ ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ရယူနိုင်ရေးအတွက် ကြိုတင်လေ့ကျင့်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဥရောပရွှေဖိနပ်ဆု ဂီလာဒီနို မျှော်မှန်း

ရောမ ဇန်နဝါရီ ၇

၂၀၀၉ခုနှစ်အတွက် ဥရောပရွှေဖိနပ်ဆုကို ရအောင်ကြိုးစားမည်ဟု အီတလီ စီးရီးအေကလပ်ဖီအိုရင်တီးနား တိုက်စစ်မှူး ဂီလာဒီနိုက ထုတ်ဖော်ပြောကြားသည်။ ယခုနှစ်ရာသီဝက်ကာလ၌ စီးရီးအေတွင် ဂီလာဒီနိုကစုစုပေါင်း ၁၇ဂိုး သွင်းယူထားရာ ဂိုးအများဆုံးသွင်းယူထား နိုင်သူဖြစ်သည်။ (အင်တာနက်)

ဥရောပပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးအမြင့်ခုန် ဟီလ်လီဘတ်ဗိုလ်စွဲ

ဘရပ်ဆဲလ် ဇန်နဝါရီ ၇

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ပြေးခုန်ပစ် အဖွဲ့ချုပ်၏ ဥရောပပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲ၌ အသက်၃၀အရွယ်ရှိ တီရာဟီလ်လီဘတ်က အနိုင်ရဗိုလ်စွဲသည်။



ယခုနှစ်ဘောလုံးရာသီအကုန်၌ အနားယူဖွယ်ရှိ မန်ယူဘောလုံးအကျော်အမော် ရိုင်ယန်ဂစ်ပြောကြား

လန်ဒန် ဇန်နဝါရီ ၇

ယခုဘောလုံးရာသီအကုန်တွင် ဘောလုံးကစားခြင်းမှ အနားယူဖွယ်ရှိကြောင်း မန်ယူဘောလုံးအကျော်အမော် ရိုင်ယန်ဂစ်က အရိပ်အမြွက် ပြောကြားလိုက်သည်။အသက် ၃၅နှစ်ရှိ ဝေလအသင်းခေါင်းဆောင်ဟောင်း ရိုင်ယန်ဂစ်သည် ချန်ပီယံလိဂ်နှင့်ပရီမီယာလိဂ်ချန်ပီယံမန်ယူနှင့်ချုပ်ဆိုထားသော လက်ရှိစာချုပ်မှာ ယခုဘောလုံးရာသီအကုန်၌ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဂစ်သည် အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးလောကကို အလှဆင်နိုင်ခဲ့သောဘောလုံးသမားတစ်ဦးဖြစ်ပြီး ချန်ပီယံလိဂ်သရဖူနှစ်ကြိမ်၊ ပရီမီယာလိဂ်သရဖူကို စံချိန်တင်ကာ ၁၀ကြိမ်နှင့်အက်ဖ်အေသရဖူလေးကြိမ် အပါအဝင် ဆုတံဆိပ်ပေါင်း ၂၈ခု ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဝေလအသင်းတွင် ၆၄ပွဲ ပါဝင်ကစားခဲ့သူဂစ်သည် ပြီးခဲ့သည့်မေလက ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ အိုးထရက်ဖို့ဒ်အတွက် ၇၈၁ပွဲမြောက် ပါဝင်ကစားခဲ့ပြီး မန်ယူဂန္ထဝင်ကစားသမား ဆာဘော်ဘီချာလ်တန်၏ စံချိန်ကို ချိုးနိုင်ခဲ့သူလည်းဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

မော်ရင်ဟိုက အိုဝင်အား ခေါ်ယူလိုဟုဆို

မီလန် ဇန်နဝါရီ ၇

အင်တာမီလန်နည်းပြ မော်ရင်ဟိုက နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်အား ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အင်တာမီလန်သည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မန်ယူနှင့်ကစားရန်ရှိရာ အင်အားတောင့်တင်းမှု အပြည့်နှင့်ရင်ဆိုင်ရန် ကစားသမားသစ်များ ဖြည့်ဆည်းခေါ်ယူလျက်ရှိသည်။ **(အင်တာနက်)**

8-1 (15).pmd 1 1/8/2009, 2:21 AM

တစ်စက္ကန့်လျှင် အချက်အလက်ပေါင်း ထရီလီယံ ၂၀၀ ဖော်ပြနိုင်သည့် ဒေါင်းနင်း ၅၀၀၀ အေ စူပါကွန်ပျူတာ

သတင်းမှတ်စု - မောင်ချစ်ကြည် စာမျက်နှာဖွဲ့စည်းမှု - သန်းအေး

ကမ္ဘာပေါ်တွင် လက်ရှိအသုံးပြုနေသော ကွန်ပျူတာများထက် အဆပေါင်းများစွာ စွမ်းရည်မြင့်မားသည့် စူပါကွန်ပျူတာကို တရုတ်နိုင်ငံ အိုင်တီပညာရှင်များက တီထွင်ထုတ်လုပ်လိုက်ပြီ ဖြစ်သည်။

စွမ်းရည်

ဒေါင်းနင်း ၅၀၀၀ အေဟု အမည်ပေးထားသော အဆိုပါ စူပါကွန်ပျူတာသည် တစ်စက္ကန့်လျှင် အချက်အလက်ပေါင်း ထရီလီယံ ၂၀၀ ကို ဖော်ပြပေးနိုင်သည့် စွမ်းရည်ရှိသည်။ အသုံးပြုသူများ၏ သိလိုသည့် အချက်အလက်များကို နည်းလမ်းပေါင်း သန်းနှင့်ချီကာ စက္ကန့်ပိုင်းအတွင်း ရှာဖွေပေးနိုင်သည့် ကွန်ပျူတာအမျိုးအစားလည်း ဖြစ်သည်။



ဒေါင်းနင်း ၅၀၀၀အေ စူပါကွန်ပျူတာသည် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို သုံးသပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်မှုများကို ဖော်ပြပေးနိုင်ခြင်း၊ ခရီးသည်တင် လေယာဉ်ကြီးများအား ဒီဇိုင်းပုံစံများ ထုတ်လုပ်ပေးနိုင်ခြင်းတို့ကိုလည်း စက္ကန့်ပိုင်းအတွင်း ဖော်ထုတ်ပေးနိုင်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ဒိန်ခဲ၊ အသားနှင့်အချိုရည်တို့ ပုံမှန်စားသုံးလျှင် အဆုတ်ကင်ဆာ ဖြစ်ပွားနိုင်ဟုဆို

ဖော့စပရပ်စ်များသော အစားအစာများကို စားသုံးလေ့ရှိသူများ အနေဖြင့် အဆုတ်တွင် အကျိတ်အဖုများထွက်ရှိမှုကို အားပေးစေကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

အသားပိုများထွက်ရှိ

ဒိန်ခဲ၊ အသားနှင့်အချိုရည်များကို ပုံမှန်စားသောက်လေ့ရှိသူများသည် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ၌ အသားပိုများ ထွက်ရှိမှုကို လျင်မြန်စွာ ဖြစ်ပေါ်စေကြောင်း၊ ယင်းအချက်မှာ ကြွက်များကိုစမ်းသပ်ကြည့်ခဲ့ရာမှ တွေ့ရှိရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့သောအချက်ကို ဒိန်ခဲနှင့်အသားများကို ပုံမှန်စားသုံးသူများအား စမ်းသပ်စစ်ဆေးခဲ့ရာမှ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဖော့စပရပ်စ်ကြွယ်ဝသော အစားအစာများ စားသုံးခြင်းသည် အဆုတ်ကင်ဆာဖြစ်ပွားမှု သာမန်ထက် ၄၀ရာခိုင်နှုန်းများကြောင်း သိရှိခဲ့ကြသည်။

အားပေး

ဒိန်ခဲ၊ အသားနှင့်နို့ပေါင်းစုံတို့သည် အဆုတ်မျက်နှာပြင်၌ အသားပိုသို့မဟုတ် အဖုအကျိတ်များထွက်ရှိခြင်းကိုအားပေးတတ်သဖြင့် သတိပြုဆင်ခြင်စားသုံးသင့်ကြောင်း အကြံပြုထားသည်။ (အင်တာနက်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မုဒုံမြို့နယ် ဝင်းဖနုံဆည်အတွင်း ဤသို့ ငါးမျိုးစိတ်ထည့်ပေးကြသည်။

ထိန်းသိမ်းစို့လေ ငါးသယံဇာတအမွေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သက်ဦးမောင်(ငါးလုပ်ငန်းဦးစီးဌာန) စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ လွန်စွာပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အထူးသဖြင့် ကမ်းရိုးတန်းအရှည် ၂၈၃၂ကီလိုမီတာရှည်လျား၍ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းစသည့် သဘာဝမြစ်ချောင်းကြီးများ၊ ထူးခြားသည့် ရေသယံဇာတများစွာ ပိုင်ဆိုင်လျက်ရှိသည့် နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်ဧရိယာသည် ၄၈၆၀၀၀ စတုရန်းကီလိုမီတာရှိပြီး ပင်လယ်ငါးမျိုးစိတ်ပေါင်း ၆၈၀ကျော်နှင့် ပုစွန်၊ ကဏန်း၊ ခုံး၊ ခရုစသည့် ရေထွက်သယံဇာတမျိုးစိတ် ၅၀၀ကျော်တည်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

အထောက်အကူ

သဘာဝက ပေးအပ်ထားသည့် သယံဇာတအမွေများ ပေါများစွာပိုင်ဆိုင်သည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်လည်း ကင်းရှင်းလျက်ရှိသည်။ ကမ်းရိုးတန်းနေထိုင်သူ ရေလုပ်သားများနှင့် ပြည်သူများသည် ပင်လယ်ပြင်သယံဇာတများကို ရေရှည်တည်ရှိနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ခြင်းဖြင့် ပင်လယ်မှရရှိလာမည့် သယံဇာတများကို နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိစ္စများကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်

8-1 (20).pmd 1 1/8/2009, 2:21 AM